# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (15-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် (၂/၂၀၂၃)**

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏တာဝန်များအနက် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း တစ်ရာခိုင်နှုန်း) သတ်မှတ်ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်မှ စတင်၍ ကုမ္ပဏီ၊ လုပ်ငန်းစုစုပေါင်း ၃၂၇ ခု၊ ချေးငွေပမာဏကျပ် ၇ ဒသမ ၆၃ ဘီလီယံကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေထုတ်ပေးခဲ့သည့် မွေးမြူရေးကဏ္ဍမှ လုပ်ငန်း ၃၂၇ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလကို သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့စ၍ သက်တမ်းတစ်နှစ်တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခဲ့ပါသည်။

**စာမျက်နှာ ၂၀ ကော်လံ ၄ သို့**

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများနှင့် အကြော်လှော်ဘူးများ ပေးအပ်လှူဒါန်း



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသည့် ဒံပေါက်ဘူးများကို တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☐**




ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

"မြန်မာရော်ဘာဖိုရမ်-၂၀၂၃" ကို ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေးတိုးတက်မြှင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဆိုသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆောင်ပုဒ်မှာ "ရော်ဘာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်မြှင့်တင်ပေး"ဟူ၍ သတ်မှတ်ထားသည်။ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ခုဖြစ်ပေသည်။

ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာစိုက်ပျိုးရေးသည် အဓိကကျသည်။ ရော်ဘာစတင်စိုက်ပျိုးသည်မှ အစေးထွက်ရှိသည့်အချိန်ထိ အချိန်ကာလအားဖြင့် ခုနစ်နှစ်ခန့် အချိန်ယူရသည်။ ထို့ကြောင့် ရော်ဘာကို နှစ်ရှည်သီးနှံအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာအထွက်နှုန်းသည် တစ်ဧက ပျမ်းမျှ ပေါင် ၇၀၀ ခန့်သာ ထွက်သည့်အတွက် ပင်အိုပင်ဟောင်းများကို အစားထိုးစိုက်ပျိုးကြရမည်ဖြစ်ပေသည်။ ဒေသအလိုက် ထောက်ခံထားသည့် မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့် ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးပြီးစီးမှုသည် စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာရှိသေးသည့်အတွက် နောင်စိုက်ခင်းသစ်များ ဆက်လက်ထူထောင်ရာတွင် အထွက်ကောင်းမျိုးများစိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များ သုံးစွဲစိုက်ပျိုးရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ရော်ဘာစိုက်ပျိုးမှုသမိုင်းကြောင်းရှိခဲ့ရာ လက်ရှိအခြေအနေတွင် ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးအောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ထို့ကြောင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာ အစီအစဉ်များရေးဆွဲပြီး ကာလတို၊ ကာလရှည်စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ MSME နှင့် အကျုံးဝင်သည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်က အားပေးကူညီလျက်ရှိပေသည်။

**"ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေ ထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်းဖြစ်ပါကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပသည့် မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာ့ရော်ဘာ၏ အရည်အသွေးနှင့် အဆင့်အတန်းရှိမှသာလျှင် ဈေးကွက်ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရော်ဘာစိုက်တောင်သူများအနေဖြင့် ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားတောင်သူများကို လယ်ယာသုံးစက်ကိရိယာ ၂၂ စီး ရောင်းချပေးထား



**မန္တလေး နိုဝင်ဘာ ၁၄**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၂ မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာ ၂၂ စီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ Daedong အမျိုးအစား ခုနစ်မျိုးကို သမဝါယမအသင်းသားတောင်သူများ ကြိုက်နှစ်သက်သည့် အမျိုးအစားအလိုက် အရစ်ကျစနစ်ဖြင့်လည်းကောင်း၊ လက်ငင်းစနစ်ဖြင့်လည်းကောင်း ရောင်းချပေးကြောင်း၊ အဆိုပါစက်အမျိုးအစားများသည် DT-100 N၊ CK- 2810၊ DS-3510၊ DS -4110၊ DS-4510၊ EX- 50 HP၊ RX-7620 စသည့် စက်များကို အသင်းသားတောင်သူများကို ဖော်ပြလမှုစပြီး ရောင်းချပေးခဲ့ရာ ယနေ့ထိ လယ်ယာသုံးစက်ကိရိယာ ၂၂ စီး ရောင်းချပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

"စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြတဲ့ တောင်သူတွေကို လယ်ယာသုံးစက်ကိရိယာတွေ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးခဲ့ပါတယ်။ ရောင်းချပေးခဲ့တာဆိုရင် ဖော်ပြလကနေစပြီး ရောင်းချပေးခဲ့တာပါ။ ဒီဘဏ္ဍာနှစ်ထဲမှာ ဒီနေ့ထိ လယ်ယာသုံးစက်ကိရိယာ ၂၂ စီးထိ ရောင်းချပေးထားပါတယ်။ ကျန်ရှိနေသေးတဲ့ လယ်ယာသုံးစက်ကိရိယာ သုံးစီးကိုလဲ ဆက်လက်ရောင်းချပေးနေပါတယ်။ အရစ်ကျစနစ်နဲ့ကော၊ လက်ငင်းစနစ်နဲ့ပါ ရောင်းချပေးနေတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာရောင်းချပေးသည့် မြို့နယ်များမှာ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ မြစ်သား၊ မတ္တရာ၊ စဉ့်ကိုင်၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ရမည်းသင်း၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပျော်ဘွယ် မြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေး-ကျောက်မြောင်းကြား ရေဝတီလင်းပိုင်ဖြင့်ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကြည့်ရှုသောပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြား

**မန္တလေး နိုဝင်ဘာ ၁၄**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ မန္တလေး- ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ မန္တလေး-ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ များပြားလာကြောင်း၊ နိုဝင်ဘာလ ပထမပတ်အတွင်းက မန္တလေး-ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၃၀ ကျော်သာရှိခဲ့သော်လည်း နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုက ခရီးသွားရာသီကာလလဲဖြစ်တာကြောင့် မန္တလေးဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်းပြည်ပခရီးသွားတွေ သွားရောက်ကြည့်ရှုမှု များလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို ကြည့်ရှုလေ့လာကြတာပိုပြီးများလာတယ်"ဟု ဦးမောင်မောင်လေးက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် နိုဝင်ဘာလဒုတိယပတ်မှစ၍ ပဲတီစိမ်း အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေး ဈေးကွက်တွင် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ပဲတီစိမ်း အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲတီစိမ်းကို ယခုလက်ရှိ မန္တလေးဈေးကွက်အပြင် ပြည်ပနိုင်ငံများကလည်း ဝယ်ယူမှုများပြားလာကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ပဲတီစိမ်းကမန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုတစ်လော ပဲတီစိမ်းကို မန္တလေးဈေးကွက်ထဲမှာ ကြိုက်ရောင်းကြိုက်ဝယ်တွေ မြန်မာလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေးပြန်ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ယနေ့တွင် ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပဲတီစိမ်းကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင်လည်း သီးသန့်တစ်မျိုးတည်းဖြင့်လည်းကောင်း၊ ဝါ၊ ပဲစင်းငုံတို့ဖြင့် သီးညှပ်အဖြစ်လည်းကောင်း၊ မိုးစပါးပြီးလျှင် သီးထပ်အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

"ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်း အရောင်းအဝယ် ဒီထက်ပိုပြီးကောင်းလာမဲ့ အနေအထားမှာရှိနေပြီး ပြည်ပနိုင်ငံတွေကလဲ ဝယ်ယူမှုတွေပိုပြီးများလာနိုင်ပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ဈေးတန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် အမရပူရမြို့နယ် ဈေးတန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဈေးတန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဈေးတန်းကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

**နံ့လာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၆၀၊ ၃၂ လမ်း-၃၃လမ်းကြားနေ ဒေါ်စင်မာရီ မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ တွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၄၇ ဧကကို လာမည့် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲ ၁၅၄၇ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မြေပဲ ၁၅၄၇ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေ ကြိုတင်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေ စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံတွေ စိုက်ပျိုးနေတာဖြစ်ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် မြေပဲစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို ကြိုတင်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

နေပြည်တော် ပြည်ထောင်စုနယ်မြေဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ညောင်လူးကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောက်စရစ်ကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်စရစ်ကုန်းကျေးရွာ၌ အလျား ၂၇ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုက ပြောပြ၍ သိရသည်။

**နော်လူး**

# Mandalay International Trade Fair & Investment Forum 2023 ကျင်းပပြုလုပ်မည်

**မန္တလေး နိုဝင်ဘာ ၁၄**

Mandalay International Trade Fair & Investment Forum 2023 ကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ Mandalay Convention Centre တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)မှ သိရသည်။

အဆိုပါ Mandalay International Trade Fair & Investment Forum 2023 ကို လာမည့် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ Mandalay Convention Centre တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း ပြခန်းပေါင်း ၂၆၂ ခန်းဖွင့်လှစ်ကာ ပြသရောင်းချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

"ပြပွဲနဲ့ဖိုရမ်ကတော့ လာမဲ့ ဒီဇင်ဘာ ၂၀ ရက်ကနေ ၂၂ ရက်ထိ ပြုလုပ်သွားမှာပါ။ ပြခန်းပေါင်း ၂၆၂ ခန်းဖွင့်လှစ်ပြသရောင်းချသွားမှာပါ။ မြန်မာနိုင်ငံတစ်ဝန်းက စီးပွားရေးလုပ်ငန်းရှင်တွေက ပြခန်းတွေဖွင့်လှစ်သွားမှာဖြစ်သလို နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေကလဲ လာရောက်ပြသရောင်းချဖို့ စာရင်းပေးထားတာရှိပါတယ်။ တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်က ပြခန်းပေါင်း ၇၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံကလဲ ပြခန်းတွေ လာရောက်ဖွင့်လှစ်ဖို့ စာရင်းပေးထားတာလဲရှိပါတယ်။ ပြသမဲ့ ထုတ်ကုန်ပစ္စည်းတွေကတော့ စားသောက်ကုန်၊ လူသုံးကုန်၊ လယ်ယာသုံးပစ္စည်းတွေ ပြသမှာဖြစ်သလို လယ်ယာသုံးစက်ကိရိယာတွေလဲ ပြသဖို့ရှိပါတယ်"ဟု ဦးဝင်းဌေးက ပြောပြသည်။

အဆိုပါပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဖိုရမ်များ၊ ခရီးသွားလာရေးဆိုင်ရာဖိုရမ်၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ဖိုရမ်များကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH



# စမုံမြစ်ဝှမ်းယဉ်ကျေးမှု

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအလယ်ပိုင်းရှိ စမုံမြစ်ဝှမ်းသည် မြန်မာနိုင်ငံတွင် ကြေးခေတ်နှင့် သံခေတ်ဦးယဉ်ကျေးမှု ထွန်းကားခဲ့သည့်ဒေသဟု ထင်ရှားကာ ပျူယဉ်ကျေးမှုသည် စမုံမြစ်ဝှမ်း သံခေတ်လူ့အဖွဲ့အစည်းမှတစ်ဆင့် ဖြစ်ထွန်းခဲ့ကြောင်း ယူဆကြသည်။ မြန်မာနိုင်ငံ၏ ကြေးခေတ်အထောက်အထား သချိုင်းဟောင်းများသည် စမုံမြစ်ဝှမ်းအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးတည်ရှိနေကြသည်။ ရှေးဟောင်းသုတေသနပညာရှင်များ၊ ပြင်ပပညာရှင် တမ္ပဝတီ ဦးဝင်းမောင်နှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ဒေါက်တာ Bob Hudson၊ အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ချ်တက္ကသိုလ်မှ Dr.J Stargart နှင့် Dr. Elizabeth Moore တို့က စမုံမြစ်ဝှမ်းသည် ပျူယဉ်ကျေးမှု အခြေခံခဲ့သည့် သံခေတ်ဒေသများဖြစ်ကြောင်း အဆိုပြုခဲ့ကြသည်။

သမိုင်းမတင်မီအချိန်တွင် ရှေးဦးလူသားများသည် ကျေးရွာအဖွဲ့အစည်းငယ်များဖြင့် နေထိုင်ခဲ့ကြပြီး အကြိုမြို့ပြယဉ်ကျေးမှုအဆင့်သို့ ကူးပြောင်းမှုကို စမုံမြစ်ဝှမ်းလွင်ပြင်မှ အစပြုခဲ့ဟန်ရှိခဲ့ကာ ၎င်းဒေသမှ အုပ်စုသုံးစုဖြာထွက်၍ ပျူမြို့ပြများဖြစ်လာမည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သို့ အသီးသီး ရောက်ရှိသွားခဲ့ကြသည်ဟု ယူဆကြသည်။

**စမုံမြစ်ဝှမ်း**

မြန်မာနိုင်ငံ၏ ဘူမိအနေအထားအရ နိုင်ငံအတွင်းရှိ မြစ်ကြီးများသည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ သို့သော် မြစ်သာမြစ်နှင့် စမုံမြစ်တို့သည် လွန်ခဲ့သည့်နှစ်တစ်သန်းက ရောဝတီမြစ် နှစ်ပိုင်းပြတ်ရွေ့ခဲ့ပြီးနောက် တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းခဲ့ကြသည်။ မြစ်သာမြစ်သည် ချင်းတွင်းမြစ်အတွင်းသို့စီးဝင်၍ စမုံမြစ်က ပန်းလောင်မြစ်အတွင်းသို့ စီးဝင်သည်။

ထိုမြစ်နှစ်စင်းအနက် မြစ်သာမြစ်သည် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိခဲ့သည့် ပုံတောင်ပုံညာဒေသ၌ရှိပြီး စမုံမြစ်သည် စမုံမြစ်ဝှမ်း၌ တည်ရှိနေကာ ၎င်းမြစ်နှစ်စင်းသည် မြန်မာလူမျိုးများ၏အစကို ဖွင့်ဆိုပေးမည့်မြစ်များဖြစ်ကြောင်း မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အမှုဆောင် ဒေါက်တာမျိုးသန့်တင်က သုံးသပ်ခဲ့သည်။

မြစ်သာမြစ်သည် မကွေးတိုင်းဒေသကြီး ထီးလင်းမြို့၏တောင်ဘက်ရှိ မောချောင်းတွင် မြစ်ဖျားခံကာ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးမြို့နယ်နှင့် ကလေးဝမြို့နယ်တို့ကိုဖြတ်သန်း၍ တောင်မှမြောက်သို့စီးဆင်းလာပြီး မင်းကင်းမြို့ အနောက်ဘက် နတ်ချောင်းရွာအနီးတွင် မဏိပူရမြစ်နှင့်ပေါင်းဆုံကာ ချင်းတွင်းမြစ်သို့ စီးဝင်သွားသည်။ မြစ်သာမြစ်၏အထက်ရှိ ထီးလင်းဂန့်ဂေါလွင်ပြင်သည် နှစ်သန်း ၄၀ သက်တမ်းရှိသည့် ပရိုင်းမိတ်များတွေ့ရှိခဲ့သည့် ပုံတောင်ပုံညာဒေသနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည်။

ရောဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် စမုံမြစ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မြစ်ဖျားခံကာ ရှမ်းရိုးမတောင်ခြေ အနောက်ဘက်လွင်ပြင်အတိုင်း ပျော်ဘွယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းလာပြီး တံတားဦးမြို့နယ်အစပ် ကြောင်ပန်းကုံးရွာအနီးတွင် ပန်းလောင်မြစ်အတွင်းသို့ စီးဝင်သွားသည်။ စမုံမြစ်သည် မြစ်ဖျားခံသည့်နေရာမှ ရောဝတီမြစ်ထိ မိုင် ၁၂၀ ကျော်ရှည်လျားခဲ့ကာ စမုံမြစ်ဖြတ်သန်းစီးဆင်းခဲ့သည့်နေရာဒေသများကို စမုံမြစ်ဝှမ်းဟု ယေဘုယျအားဖြင့် ခေါ်ဆိုသည်။

ပုပ္ပားတောင်မပေါ်ထွန်းမီ လွန်ခဲ့သည့်နှစ် ၁၀၀၀၀ က စမုံမြစ်နှင့် စစ်တောင်းမြစ်တို့သည် ရောဝတီမြစ်ကြောင်းဖြစ်ခဲ့သည်။ ပုပ္ပားမီးတောင်ပေါက်ကွဲမှုကြောင့် ယခု ရမည်းသင်းဒေသတစ်ဝိုက်တွင် မြေသားများ မြင့်တက်လာပြီးနောက် ရောဝတီမြစ်အောက်ပိုင်းသည် စစ်တောင်းမြစ်ဖြစ်လာခဲ့ပြီး ရောဝတီမြစ်အလယ်ပိုင်းသည် စမုံမြစ်အဖြစ် မြေနိမ့်သည့်မြောက်ဘက်သို့ စီးဆင်းသွားခဲ့သည်။ မူလ ရောဝတီမြစ်မကြီးသည် ယခု စစ်ကိုင်းမြို့အနီးတွင် အနောက်ဘက်သို့ကွေ့သွားခဲ့ကာ ချင်းတွင်းမြစ်နှင့် ပေါင်းဆုံမိပြီးနောက် လက်ရှိမြစ်ကြောင်းအတိုင်း ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဆင်းသည်။

ရှေးဦးလူသားများသည် စမုံမြစ်ဝှမ်း၊ ပန်းလောင်မြစ်အရှေ့ဘက်တွင်ရှိသည့် ပြဒါးလင်းဂူတွင် ကျောက်ကြမ်းခေတ်မှ ကျောက်ချောခေတ်ထိနေထိုင်ခဲ့ကြပြီး စမုံမြစ်ဝှမ်းဒေသတွင် ကျောက်ကြမ်းခေတ်၊ ကျောက်လယ်ခေတ်၊ ကျောက်ချောခေတ်ယဉ်ကျေးမှုများ ထွန်းကားခဲ့ပြီးနောက် ကျောက်ချောခေတ်နောက်ပိုင်း၌



စမုံမြစ်ဝှမ်းမှတွေ့ရှိခဲ့သည့် ပုတီးစေ့များ။

ကြေးခေတ်၊ သံခေတ်နှင့် အကြိုမြို့ပြယဉ်ကျေးမှုများ ရှိခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။

စမုံမြစ်အတွင်းသို့ မြို့လှချောင်း၊ လယ်ဖြူချောင်း၊ ရွှေတားချောင်း၊ ညောင်အုပ်ချောင်း၊ အောင်သာချောင်းနှင့် ကဘိုချောင်းတို့သည် အနောက်ဘက်မှ စီးဝင်နေကြသည်။ ၎င်းချောင်းများ၏ဘေးတွင် မြို့လှ၊ ရွာထင်ကုန်း၊ ကုက္ကိုခါးလှ၊ မြင်းဦးလှည့် စသည့် ကြေးခေတ်သုတေသနနယ်မြေကျေးရွာများတည်ရှိသည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာတူးဖော်သုတေသနလုပ်ငန်းများကို ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း နေရာဒေသ ၁၆ ခုတွင် ပြုလုပ်ခဲ့ရာ စမုံမြစ်ဝှမ်းအတွင်း မြို့နယ်ခုနစ်မြို့နယ်မှ နေရာ ၁၄ ခု ပါဝင်ခဲ့သည်။ ရှေးဟောင်းသုတေသနတူးဖော်မှုများကို ၁၉၉၉ ခုနှစ်တွင် အင်းတဲ၊ မြင်းဦးလှည့်၊ ၂၀၀၀ ပြည့်နှစ်တွင် ကုက္ကိုခါးလှ၊ ၂၀၀၁ ခုနှစ်တွင် နှောကန်၊ ၂၀၀၂ ခုနှစ်တွင် ရွာထင်ကုန်း၊ ၂၀၀၃ ခုနှစ်တွင် မြို့လှ၊ ၂၀၀၅ ခုနှစ်တွင် ဥမှင်၊ ၂၀၀၆ ခုနှစ်တွင် ထန်းတပင်၊ ၂၀၀၇ ခုနှစ်တွင် ညောင်ကုန်း၊ ၂၀၀၈ ခုနှစ်တွင် ထုံးဘို၊ ကန်သစ်ကုန်းနှင့် မြာရဝေ၊ ၂၀၀၉ ခုနှစ်တွင် ရွာကုန်းကြီးနှင့် မြောက်လည်တို့တွင် ဆောင်ရွက်ခဲ့သည်။

**အင်းတဲ**

အင်းတဲကျေးရွာသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင်တည်ရှိသည်။ အင်းတဲကြေးခေတ်ယဉ်ကျေးမှုဒေသတူးဖော်မှုကို အင်းတဲရွာမှ တောင်ဘက် သုံးဖာလုံအကွာရှိ ဆင်းတဲဝချောင်းနံဘေးတွင် ပြုလုပ်ခဲ့ရာ လူကြီးနှင့်ကလေး ရုပ်ကြွင်းအရိုးစု ၁၉ ခု၊ ကြေးလက်နက်နှစ်ခု၊ ကြေးလက်ကောက်တစ်ခု၊ ကျောက်လက်နက် ရှစ်ခု၊ မြေအိုးများနှင့် ပုတီးစေ့များကို ရရှိခဲ့သည်။

အင်းတဲသည် ဘုတလင်မြို့နယ်ရှိ ညောင်ကန်ကြေးခေတ်ထက် ပိုစောကာ ကျောက်ခေတ်သစ်မှ ကြေးခေတ်သို့ ကူးပြောင်းခဲ့သည့်ကာလဖြစ်ဖွယ်ရှိကြောင်း မြန်မာ့ကြေးခေတ်ယဉ်ကျေးမှုသုတေသနခရီးစာအုပ်တွင် သုံးသပ်ထားသည်။

**မြင်းဦးလှည့်၊ နှောကန်နှင့်မြောက်လည်**

မြင်းဦးလှည့်၊ နှောကန်နှင့် မြောက်လည်တို့သည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်း တည်ရှိသည်။ မြင်းဦးလှည့်မှ လူရုပ်ကြွင်း ၃၈ ခု၊ ရောင်စုံကျောက်ပုတီးစေ့များနှင့် အရိုးပုတီးစေ့များ၊ သဲကျောက်ဖြင့် ပြုလုပ်ထားသည့်လက်နက်ပုံစံခွက်အကောင်း လေးခုနှင့် ထက်ပိုင်းကျိုးရှစ်ခု၊ ကြေးလက်နက် ၆၄ ခု၊ သေဆုံးသူ၏အသက်ကို မှတ်သားခြင်းဖြစ်ဖွယ်ရှိသည့် ကြေးနန်းစည်းထုပ် ၁၅ ထုပ်၊ သံတားသွားကိုးခု၊ သံတူးရွင်းခြောက်ခုတို့ကို ရရှိခဲ့သည်။

နှောကန်တူးဖော်မှုကို မြန်မာနိုင်ငံမှ ရှေးဟောင်းသုတေသနအဖွဲ့နှင့်အတူ ပြင်သစ်နိုင်ငံမှ ပညာရှင်လေးဦးပါဝင်တူးဖော်ခဲ့ရာ လူအရိုးစုရုပ်ကြွင်း ၇၂ ခု၊ ကြေးနန်းစည်း တစ်ထုပ်၊ သံလက်နက် လေးခု၊ မြေထည်ပစ္စည်းအခု ၉၀၊ ကျောက်ပစ္စည်းတစ်ခုနှင့် ပုတီးစေ့အလုံး ၂၂၀ ရရှိခဲ့သည်။

မြောက်လည်တူးဖော်မှုမှ လူအရိုးစုရုပ်ကြွင်း ၂၂ ခု၊ ကြေးပစ္စည်း ၄၄ ခု၊ သံထည်ပစ္စည်း လေးခု၊ ရောင်စုံပုတီးစေ့ ၁၅၃ လုံး၊ မြေအိုးနှင့် မြေခွက်များကို ရရှိခဲ့သည်။

မြင်းဦးလှည့်၊ နှောကန်နှင့် မြောက်လည်တို့တွင် ကြေးခေတ်နှင့် သံခေတ်ထွန်းကားခဲ့ကာ ကြေးလက်နက်ပစ္စည်းများကို ကောင်းစွာပြုလုပ်နိုင်ခဲ့ပြီး သံကို စတင်အသုံးပြုခဲ့ကြသည်။ ၎င်းဒေသများမှ တူးဖော်ရရှိခဲ့သည့် ကြေးနှင့်သံပစ္စည်းများသည် သံခေတ်ဦးထွန်းကားခဲ့သည့် အထောက်အထားများဖြစ်ကြောင်း ခန့်မှန်းရပေသည်။

**ကုက္ကိုခါးလှနှင့် မြို့လှ**

ကုက္ကိုခါးလှသည် မလှိုင်မြို့၏အရှေ့ဘက်၊ ဝမ်းတွင်းမြို့၏အနောက်ဘက်၊ နွားထိုးကြီးမြို့၏ တောင်ဘက်နှင့် မိတ္ထီလာမြို့၏ မြောက်ဘက်တွင် တည်ရှိသည်။ ကုက္ကိုခါးလှရှေးဟောင်းသချိုင်းတူးဖော်မှုမှ ပြည့်စုံသော လူရုပ်ကြွင်း ၂၀၊ ကျိုးပဲ့နေသည့် ရုပ်ကြွင်း ၆၅ ခု၊ မြေအိုးအကောင်းနှစ်ခုနှင့် အကျိုးအကွဲ ၆၃ ခု၊ ကျောက်ရောင်စုံပုတီးစေ့၊ အရိုးပုတီးစေ့နှင့် ကမာပုတီးစေ့ အလုံး ၃၅၀ ကျော်၊ လုံ၊ ခလောက်၊ ဆည်းလည်း၊ ပုဆိန် အစရှိသည့်ကြေးပစ္စည်းအသုံးအဆောင်များ၊ ကြေးနန်းစည်းများကို ရရှိခဲ့သည်။

ကုက္ကိုခါးလှတူးဖော်မှု ကုန်းအမှတ်(၁)တွင် သမိုင်းမတင်မီခေတ် သချိုင်းကျောက်တိုင်ကို တွေ့ရှိခဲ့သည်။ သက်တမ်းရင့်အနည်ကျကျောက်ဖြင့် ပြုလုပ်ထားသည့် ၎င်းကျောက်တိုင်သည် နှစ်ပေ ၁၀ လက်မကျယ်၍ ကိုးလက်မထူကာ ခုနစ်ပေ ၁၀ လက်မမြင့်သည်။ ၎င်းကျောက်တိုင်အနီးတူးဖော်မှု ကျင်းကွက် ၂၁ ကွက်တွင် တူးဖော်သုတေသနပြုခဲ့သည်။

ရမည်းသင်းမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်တွင်တည်ရှိသည့် မြို့လှတွင် ကုန်းသုံးကုန်းကို တူးဖော်ခဲ့ရာ အရိုးစုရုပ်ကြွင်း ၂၂ ခု၊ ကြေးခွက်တစ်ခု၊ မြေအိုးအလုံး ၃၀၊ မြေပန်းကန်ပြားခြောက်ချပ်၊ သံထည်ပစ္စည်းများနှင့် ရောင်စုံပုတီးစေ့ ၁၄၅ လုံးကို ရရှိခဲ့သည်။ မြို့လှတူးဖော်မှုတွင် သံလက်နက်များကို အများဆုံးတွေ့ရှိခဲ့ပြီး မြို့လှကျေးရွာ၏အနောက်တောင်ဘက် ငါးဖာလုံတွင် သံချက်ဖိုဟောင်းတစ်ခုကို တွေ့ရှိခဲ့ခြင်းသည် သံခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့်အထောက်အထားတစ်ရပ်ဖြစ်ပေသည်။

**ရွာထင်ကုန်း၊ ဥမှင်၊ ထန်းတပင်နှင့်ထုံးဘို**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ရွာထင်ကုန်း၊ ဥမှင်၊ ထန်းတပင်၊ ထုံးဘိုတို့သည်လည်း ကြေးခေတ်နှောင်းကာလမှ သံခေတ်သို့ ကူးပြောင်းသည့်ကာလတွင် ယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာများဖြစ်ကြသည်။

ပျော်ဘွယ်မြို့မှ အနောက်မြောက်သို့ ၁၄ မိုင်ကွာဝေးသည့် ရွာထင်ကို ပထမအကြိမ်တူးဖော်ခဲ့ချိန်တွင် ရုပ်ကြွင်း ၂၇ ခုရရှိခဲ့သော်လည်း ပြည့်စုံမှုမရှိချေ။ မြေထည်ပစ္စည်း ၁၆ မျိုး၊ ကြေးပစ္စည်းသုံးမျိုး၊ သံထည်ပစ္စည်း ၁၁ ခု၊ ကျောက်လက်နက် ခြောက်ခုနှင့် ပုတီးစေ့ ၁၆၉ လုံးကို ရွာထင်ကုန်းမှ ရရှိခဲ့သည်။ ဒုတိယအကြိမ်တူးဖော်မှုတွင် ရုပ်ကြွင်း ၂၇ ခုနှင့် ကြေးနန်းစည်းထုပ် ငါးထုပ်ကို တွေ့ရှိခဲ့သည်။

ပျော်ဘွယ်မြို့မှ အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိပြီး စမုံမြစ်မှ အနောက်သို့ နှစ်မိုင်ကွာဝေးသည့် ဥမှင် တူးဖော်မှု ကုန်း သုံးခုမှ လူရုပ်ကြွင်း ၁၀ ခု၊ မြေထည်ပစ္စည်းများ၊ ကျောက်ကွင်းတစ်ခု၊ မြေမီးဖုတ်အုတ်များကို တွေ့ရှိခဲ့သည်။ သို့သော် အုတ်ဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံ၊ အထောက်အထားများကို မတွေ့ခဲ့ရချေ။

ထန်းတပင်သည် ပျော်ဘွယ်မြို့မှ အနောက်သို့ လေးမိုင်ကွာဝေးသည်။ ထန်းတပင်တူးဖော်မှုကို ပြင်သစ်ပညာရှင် Dr. Jean Pierre Pautreau ဦးဆောင်သောအဖွဲ့နှင့်ပူးပေါင်း၍ ၁၇ ရက်ကြာ တူးဖော်ခဲ့ရာ လူရုပ်ကြွင်း ၁၉ ခု၊ ပုတီးစေ့ ၂၄၇ လုံး၊ မြေထည်ပစ္စည်း ၅၁ ခုနှင့် ဖန်လက်ကောက်နှစ်ကွင်းရရှိခဲ့သည်။ ၎င်းဖန်လက်ကောက်ကွင်းများသည် ကျောက်ခေတ်နှောင်းဒေသများတွင် တွေ့ရလေ့ရှိသည့် ကျောက်ကွင်း(Stone Ring)များနှင့် အရွယ်ရောပုံသဏ္ဌာန်ပါတူညီပြီး စိမ်းပြာရောင်ရှိသည်။ ကြေးခေတ်ယဉ်ကျေးမှု ရှေးဟောင်းသုတေသနတူးဖော်မှုများ ဆောင်ရွက်ရာတွင် ဖန်လက်ကောက်များကို ထန်းတပင်တစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့သည်။

မြန်မာ-ပြင်သစ် ပူးပေါင်းတူးဖော်ရေးအဖွဲ့သည် ထုံးဘိုကို တူးဖော်သုတေသနပြုခဲ့ရာ ရုပ်ကြွင်း ၂၁ ခု၊ ပုတီးစေ့ အလုံး ၁၄၀၊ သံလက်နက်နှစ်ခုနှင့် မြေထည်ပစ္စည်း ၃၅ ခု ရရှိခဲ့သည်။

**ကန်သစ်ကုန်းနှင့် ရွာကုန်းကြီး**

သာစည်မြို့နယ် သာစည်-သပြေဝ ကားလမ်းပေါ်ရှိ ချောက်ခွဲကျေးရွာနှင့် စမုံဆည်ကြားရှိ ကန်သစ်ကုန်းကို မတူးဖော်မီ စမုံဆည်လမ်းဖောက်စဉ် ၁၉၈၉ ခုနှစ်က လူအရိုးအပိုင်းအစများ၊ မြေထည်ပစ္စည်းများကို တွေ့ရှိခဲ့သဖြင့် ဒေသခံများက ပျူသင်္ချိုင်းဟောင်းရှိခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် ကန်သစ်ကုန်းကို တူးဖော်သောအခါ လူရုပ်ကြွင်း ၃၈ ခု၊ ကြေးထည်ပစ္စည်း ၅၈ ခု၊ သံထည်ပစ္စည်း ခုနစ်ခုနှင့် ပုတီးစေ့ ၃၁၆ လုံး တွေ့ရှိခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# နိုင်ငံတကာ သတင်းများ

## ပိတ်မိနေသည့်အလုပ်သမားများကို ကယ်တင်ရန် အကြီးစားစက်ယန္တရားကြီးများ အိန္ဒိယအသုံးပြုနေ

**ဒေလီ နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်မြေအောက်ဥမင်လမ်း စီမံကိန်း၌ မြေပြိုမှုကြောင့် ပိတ်မိနေသည့် အလုပ်သမားများကို ကယ်တင်ရန် အိန္ဒိယအစိုးရက အကြီးစားစက်ယန္တရားကြီးများနှင့် ကြိုးပမ်းနေကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမြေအောက်ဥမင်လမ်း စီမံကိန်း၌ နိုဝင်ဘာ ၁၁ ရက်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ အလုပ်သမား ဦးရေ ၄၀ ခန့်ပိတ်မိနေခဲ့ရသည်။

လက်ရှိအချိန်တွင် အဆိုပါ အလုပ်သမားများကို ကယ်ထုတ်ရေးအတွက် အဝကျယ်သံမဏိပိုက်လုံး တစ်လုံးကို အလုပ်သမားများပိတ်မိနေသောနေရာအထိ ထိုးသွင်းရန် အကြီးစား စက်ယန္တရားကြီးများနှင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးသမားများ အနေဖြင့် ပိတ်မိနေသော အလုပ်သမားများအတွက် အောက်ဆီဂျင်နှင့်ရေများ၊ အစားအစာများ ပေးပို့ထားနိုင်ခဲ့ပြီး အဆက်မပြတ်ဆက်သွယ်ပြောဆိုမှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။

အလုပ်သမားများအား ကယ်ထုတ်နိုင်ရေးအတွက် အချိန်ကာလ မည်မျှကြာနိုင်သည်ကို ပြောရန် မလွယ်သေးကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ဥမင်လမ်းစီမံကိန်း မြေပြိုမှုဖြစ်ပွားချိန်တွင် အလုပ်သမားဦးရေ ၆၀ ခန့်အနက် ဥမင်အဝင်အဝနှင့် နီးသူများသာလွတ်မြောက်ခဲ့ပြီး ကျန်သည့်အလုပ်သမားများ ပိတ်မိနေခဲ့ရခြင်းဖြစ်သည်။

Ref : Xinhua
Trs : KKO

## အာဖဂန်နစ္စတန်လူမျိုးများကို နှင်ထုတ်ရေးအတွက် နယ်စပ်ဝင်ပေါက်သစ်သုံးခု ပါကစ္စတန်ထပ်ဖွင့်

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၄**

ပါကစ္စတန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်နေကြသော အာဖဂန်နစ္စတန် လူမျိုးများကို ၎င်းတို့နိုင်ငံသို့ ပြန်ပို့ရေးအတွက် ပါလက်စတိုင်းအစိုးရက နိုဝင်ဘာ ၁၃ ရက်တွင်နယ်စပ်ဝင်ပေါက်သစ် သုံးခုကို ထပ်မံဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန် နိုင်ငံအတွင်း တရားမဝင် နေထိုင်နေကြသည့် နိုင်ငံခြားသားများကို ပါကစ္စတန် အာဏာပိုင်များက စတင်ဖမ်းဆီး၍ နယ်နှင်ချိန်မှစ၍ အာဖဂန်နစ္စတန် လူမျိုး ၃၀၀၀၀၀ နီးပါး ပါကစ္စတန်မှ ထွက်ခွာသွားခဲ့ကြပြီးဖြစ်သည်။

တရားမဝင်နေထိုင်နေသူ ပြည်ပနိုင်ငံသားများ မိမိဆန္ဒအလျောက် ပါကစ္စတန်မှ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားထွက်ခွာရန် ပါကစ္စတန် အာဏာပိုင်များက ကြေညာထားပြီးဖြစ်သည်။

ပါကစ္စတန်နိုင်ငံအတွင်းရှိနိုင်ငံခြားသားအများစုမှာ အာဖဂန်နစ္စတန်လူမျိုးများဖြစ်ကြရာ ပါကစ္စတန် အာဏာပိုင်များက နိုင်ငံခြားသားများနှင်ထုတ်နေမှုမှာ အဓိကအားဖြင့် အာဖဂန်နစ္စတန်လူမျိုးများအပေါ်တွင်သာ ဆိုးကျိုးသက်ရောက်ခဲ့ရသည်။

အာဖဂန်နစ္စတန်လူမျိုးများကို အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်ပို့ရေးအတွက် အသုံးပြုနေသော နယ်စပ်ဝင်ပေါက်အရေအတွက်မှာ ဘလူချီစတန်ပြည်နယ်၌ ဝင်ပေါက်သစ် သုံးခု ထပ်ဖွင့်ခဲ့ပြီးနောက် ငါးခုထိ ရှိလာပြီဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်ကို ၁၉၇၉ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်ကြားဆိုဗီယက်တပ်များသိမ်းပိုက်ထားစဉ် အရေအတွက်အားဖြင့် သန်းနှင့်ချီရှိသည့် အာဖဂန်နစ္စတန်လူမျိုးများ ပါကစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## နှစ်နိုင်ငံဆက်ဆံရေးခိုင်မာလာစေရန် သမ္မတဂျိုးဘိုင်ဒင်နှင့် သမ္မတရှီကျင့်ဖျင်တို့ ဆွေးနွေးမည်



**နယူးယောက် နိုဝင်ဘာ ၁၄**

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးညီလာခံတွေ့ဆုံစဉ် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုပိုမိုခိုင်မာလာစေရေးနှင့် နှစ်နိုင်ငံအားပြိုင်မှုကို ထိန်းချုပ်ရေးတို့အတွက် ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက နိုဝင်ဘာ ၁၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် အေပက်ထိပ်သီးညီလာခံကာလ နိုဝင်ဘာ ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ယခုနှစ် အေပက်ထိပ်သီးညီလာခံကို အမေရိကန်နိုင်ငံဆန်ဖရန်စစ္စကိုမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အေပက် ထိပ်သီးညီလာခံကာလ သီးခြား ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတဂျိုးဘိုင်ဒင်နှင့်သမ္မတရှီကျင့်ဖျင်တို့အနေဖြင့် အမေရိကန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေးအတွက် အခြေခံပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလုံခြုံရေးအကြံပေးဂျိတ်ဆူလီဗန်က ပြောကြားထားသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် တရုတ်(တိုင်ပေ)ပြဿနာနှင့် တောင်တရုတ်ပင်လယ်ပြဿနာ အပါအဝင် ပြဿနာအမျိုးမျိုးကြောင့် ဆက်ဆံရေးတင်းမာနေဆဲဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်နှင့် သမ္မတရှီကျင့်ဖျင်တို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ နောက်ဆုံးတစ်ကြိမ် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

## အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က သမ္မတလောင်းသုံးဦးစလုံးကို ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ခွင့်ပေးထား

**ဂျကာတာ နိုဝင်ဘာ ၁၄**



လာမည့်နှစ် ဖေဖော်ဝါရီလ သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသော သမ္မတလောင်း သုံးဦးစလုံးကို အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ကို နိုဝင်ဘာ ၁၃ရက်တွင် အတည်ပြုပေးလိုက်ကြောင်း သိရသည်။

၂၀၂၄ခုနှစ် သမ္မတရွေးကောက်ပွဲ၌ပါဝင်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် သမ္မတလောင်းသုံးဦးစလုံးမှာ ဥပဒေရေးရာလိုအပ်ချက်များအားလုံး ပြည့်မီမှုရှိကြောင်း အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

ရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အရ သမ္မတလောင်းများအဖြစ် အမည်စာရင်းတင်သွင်းထားသော လက်ရှိကာကွယ်ရေးဝန်ကြီး ပရာဘိုဝို၊ အလယ်ပိုင်း ဂျာဗားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းဂန်ဂျာပရာနိုဝိုနှင့် ဂျကာတာ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း အန်နီးစ်ဘက်စ်ဝီဒန်တို့ အနေဖြင့် သမ္မတရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ခွင့် ရခဲ့ပြီဖြစ်သည်။

အင်ဒိုနီးရှား သမ္မတလောင်း သုံးဦးအနက် ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုသည် ၎င်း၏ရွေးကောက်ပွဲ ယှဉ်ပြိုင်ဘက် ဒုတိယသမ္မတလောင်းအဖြစ် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို၏သားကြီး ဂီဘရန်းရာကာဘူမင်ရာကာကို ရွေးချယ်ထားသည်။

ဂီဘရန်းရာကာသည် သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းများအတွက် သတ်မှတ်ထားသည့် အသက်အရွယ်ဖြစ်သည့် အသက် ၄၀ ပြည့်သေးခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် အသက် ၃၆ နှစ်ရှိ ဂီဘရန်းရာကာကို အင်ဒိုနီးရှားဖွဲ့စည်းပုံတရားရုံးက သမ္မတ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးရန် အဆုံးအဖြတ်ပေးထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဆီးရီးယား၌ အမေရိကန်နှင့်ညွန့်ပေါင်းတပ်များ ၂၄ နာရီအတွင်း အနည်းဆုံးလေးကြိမ်တိုက်ခိုက်ခံခဲ့ရ

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အမေရိကန်တပ်များနှင့်နိုင်ငံတကာ တပ်များသည် ပြီးခဲ့သည့် ၂၄ နာရီ အတွင်း မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များနှင့် အနည်းဆုံး လေးကြိမ် တိုက်ခိုက်ခံခဲ့ရကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၂ရက်တွင် အယ်လ်ဘိုမာရေနံမြေအနီးရှိ အမေရိကန်တပ်များမှာ သုံးကြိမ်ထိတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၃ ရက်နံနက်ပိုင်းတွင်လည်း ရှမာလင်းရဟတ်ယာဉ်ဆင်းကွင်းရှိ အမေရိကန် တပ်ဖွဲ့ဝင်များမှာလည်း မောင်းသူမဲ့လေယာဉ်အများအပြားဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း အမေရိကန်တာဝန်ရှိသူများကပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်ပြဇာခံအုပ်စုများ၏ ပစ်မှတ်များကို အမေရိကန်စစ်ဘက်က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။


ယခုနှစ် အောက်တိုဘာလ အစောပိုင်းမှစ၍ လက်ရှိအချိန်ထိ အီရတ်နှင့် ဆီးရီးယားတို့ရှိ အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များမှာ အနည်းဆုံးတိုက်ခိုက်မှုပေါင်း အကြိမ် ၄၀နှင့် ရင်ဆိုင်ခဲ့ရသည်။

အမေရိကန်စစ်ဘက်သည် နိုဝင်ဘာ ၁၂ ရက်တွင် ရက်သတ္တပေါင်းများစွာအတွင်း တတိယအကြိမ်မြောက်အဖြစ် လေကြောင်းတိုက်ခိုက်မှုနှစ်ရပ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ကမ္ဘာနှင့်အဝေးဆုံး ကြယ်စုနှစ်ခုကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့




**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာနှင့် ဒုတိယ အဝေးဆုံးကြယ်စုနှင့် တတိယ အဝေးဆုံးကြယ်စု နှစ်ခုကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါကြယ်စုနှစ်ခုသည် အေဘယ်လ်-၂၇၄၄ အမည်ရှိ ကြယ်စုအစုအဝေးတစ်ခုအတွင်း တည်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စုနှစ်ခုသည် စကြဝဠာကြီး စတင်ပေါ်ထွက်လာပြီးနောက် နှစ်ပေါင်း သန်း ၃၃၀ ခန့် အကြာတွင် ပေါ်ထွက်လာခြင်းဖြစ်ရာ အဆိုပါကြယ်စုနှစ်ခုမှ အလင်းရောင်များသည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ထံ ရောက်ရှိရန် အလင်းနှစ် ၁၃ ဒသမ ၄ ဘီလီယံ အချိန်ယူခဲ့ရသည်။

လက်ရှိအချိန်တွင် အဆိုပါကြယ်စုနှစ်ခုသည် စကြဝဠာကြီး ပြန့်ကားမှုအရှိန်ကြောင့် ကမ္ဘာမြေနှင့်အလင်းနှစ် ၃၃ ဘီလီယံအကွာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စုနှစ်ခုမှာ အရွယ်အစားအားဖြင့် အချင်း အလင်းနှစ် ၂၀၀၀ ခန့်တွင်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

စကြဝဠာ ပေါ်ဦးစကာလက ကြယ်စုများမှာ လွန်စွာသိပ်သည်းကျစ်လျစ်သည်ဖြစ်ရာ အဆိုပါကြယ်စုနှစ်ခု၏ အရွယ်အစားကို အတော်အတန်ကြီးမားသည့် အရွယ်အစားအဖြစ် သတ်မှတ်နိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အသုံးမပြုဘဲထားသည့် ဂျီမေးလ်အကောင့်များကို ပယ်ဖျက်ရန် ဂူဂဲလ်ကုမ္ပဏီ စီစဉ်

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အသုံးမပြုဘဲ ကာလကြာမြင့်စွာ ပစ်ထားသည့် ဂျီမေးလ်အကောင့်များကို ယခုနှစ် ဒီဇင်ဘာလမှစ၍ ပယ်ဖျက်ရန် ဂူဂဲလ်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း အသုံးပြုမှုမရှိခဲ့သည့် မည်သည့်ဂျီမေးလ်အကောင့်မျိုးကိုမဆို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီကြေညာချက်၌ ဖော်ပြထားသည်။

အရေအတွက်အားဖြင့် သန်းနှင့်ချီရှိသော အထက်ပါဂျီမေးလ်အကောင့်များ ဖျက်သိမ်းမှုကို သီတင်းသုံးပတ်အတွင်း စတင်ရန် ဂူဂဲလ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

ဖျက်သိမ်းခံရမည့် ဂျီမေးလ်အကောင့်များအတွက် ကြိုတင်သတိပေးချက်များကို မဖျက်သိမ်းမီ ကာလအတွင်း ပေးပို့ပေးမည်ဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီကြေညာချက်အရ သိရသည်။




အသုံးမပြုဘဲပစ်ထားသည့် ဂျီမေးလ်အကောင့်များကို ဒုစရိုက်သမားများက ရယူအသုံးပြုနိုင်သည့် အန္တရာယ်ကို လျှော့ချရေးအတွက် အဆိုပါအကောင့်များကို ပယ်ဖျက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဂူဂဲလ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဂျီမေးလ်အကောင့်ဖွင့်ပြီးမသုံးဘဲ ထားသူများအနေဖြင့် အီးမေးလ်တစ်ခုဖွင့်ဖတ်ပေးခြင်း၊ ယူကျူဗီဒီယိုတစ်ခု ကြည့်ရှုပေးခြင်း၊ Google Search ကို အသုံးပြုခြင်းတို့ဖြင့် အကောင့်များ အဖျက်ခံရမှုကို ရှောင်ရှားနိုင်သည်ဟု ဂူဂဲလ်ကုမ္ပဏီက ညွှန်ကြားထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု အစွန်အဖျားရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်တချို့၌ ပထဝီတိုက်ကြီးများ ဖွဲ့စည်းဖြစ်ပေါ်နိုင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၄**

နဂါးငွေ့တန်းကြယ်စု အစွန်အဖျားရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်တချို့၌ ပထဝီတိုက်ကြီးများဖွဲ့စည်းဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် နဂါးငွေ့တန်းကြယ်စု အနားစွန်းဂြိုဟ်များပေါ်ရှိ ပထဝီတိုက်ကြီးများမှာ ကမ္ဘာမြေထက် သက်တမ်းအားဖြင့် နှစ်ပေါင်း ငါးဘီလီယံပိုစော၍ ပေါ်ထွက်လာကြခြင်းဖြစ်နိုင်ကြောင်း ဗြိတိန်နိုင်ငံ ကာဒက်ဖ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ယူဆထားသည်။

ဗြိတိန် သိပ္ပံပညာရှင်များသည် အနီးအနားရှိ ကြယ်များအတွင်း ယူရေနီယမ်-၂၃၈ နှင့် ပိုတက်စီယမ်-၄၀ ခေါ် သတ္တုဒြပ်စင်များကို လေ့လာခဲ့ပြီးနောက် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များပေါ်၌ ပထဝီတိုက်ဒေသများရှိနေနိုင်ကြောင်း တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ HD.76432 နှင့် HD.2018-91 အမည်ရှိ ကြယ်နှစ်စင်းဝန်းကျင်ရှိ ဂြိုဟ်များပေါ်တွင် သက်တမ်းအားဖြင့် ကမ္ဘာမြေထက် နှစ်ပေါင်း ငါးဘီလီယံပိုစောသည့် ပထဝီတိုက်ကြီးများ ရှိနေနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်နှစ်စင်းမှာ ကမ္ဘာမြေနှင့်အလင်းနှစ် ၇၀ နှင့် ၁၁၀ ကြားကွာဝေးသည့် ဂြိုဟ်များဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာမြေနှင့်အလင်းနှစ် ၂၀ တွင်ရှိနေသော HD.4614 အမည်ရှိ ကြယ်ဝန်းကျင်ရှိဂြိုဟ်များပေါ်တွင်လည်း ကမ္ဘာဂြိုဟ်ထက် သက်တမ်းရှေးကျသည့် ပထဝီတိုက်ကြီးများ ရှိနေနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## နေ့စဉ် ဆားစားသုံးမှုကို လျှော့စားပါက သွေးကျဆေးသုံးစွဲသကဲ့သို့ သွေးဖိအားကိုလျှော့ချနိုင်

**နယူးယောက် နိုဝင်ဘာ ၁၄**

နေ့စဉ် အစာစားသုံးရာတွင် ဆားစားသုံးမှုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာ လျှော့၍စားသုံးပါက သွေးကျဆေးတစ်မျိုး သုံးစွဲသကဲ့သို့ပင် သွေးဖိအားကို လျှော့ချပေးနိုင်ကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်ဆားစားသုံးမှုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာ လျှော့ချပေးပါက သွေးကျဆေးသုံးစွဲနေသူများပင်လျှင် သွေးဖိအားကိုပြန်လည်လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဆား လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာသည် ဆားပမာဏ မီလီဂရမ် ၂၃၀၀ နှင့် ညီမျှသည်။

အမေရိကန် နှလုံးဗေဒအသင်းကြီးကမူ လူတစ်ဦးချင်းအနေဖြင့် တစ်နေ့တာ အစာစားသုံးရာတွင် ဆားကို မီလီဂရမ် ၁၅၀၀ အောက်သာ စားသင့်သည်ဟု အကြံပြုထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်အစာစားရာတွင် ဆားစားသုံးမှုကို လျှော့ချပေးပါက လျှော့ချစားသုံးသူ ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းထိတွင် သွေးဖိအားကျဆင်းသွားသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏အဆိုအရ နှလုံးရွက်တရက်ဖောက်မှု၊ လေဖြတ်မှုတို့၏ နောက်ခံအကြောင်းတရားဖြစ်သော သွေးဖိအားပုံမှန်ထက် လွန်ကဲမှုပြဿနာကို တစ်ကမ္ဘာလုံးအတိုင်းအတာအရ အရွယ်ရောက်သူ သုံးဦးလျှင်တစ်ဦး ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## လူမှုရေးအရ အထီးကျန်နေသူများ သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေပိုများ

**အီဒင်ဘတ် နိုဝင်ဘာ ၁၄**

မိတ်ဆွေ အပေါင်းအသင်းကင်းမဲ့ခြင်း၊ မိသားစုဝင်များနှင့် ဝေးကွာခြင်း စသည့်လူမှုရေးအရ အထီးကျန်မှု ပြဿနာများဖြင့် ရင်ဆိုင်နေရသူများသည် သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေ ပိုများကြောင်း ဆေးပညာရှင်များက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

စကော့တလန်နိုင်ငံ ဂလပ်စဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၄၅၀၀၀၀ ကျော်တို့၏ လူမှုဆက်ဆံရေးပုံစံများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ လူမှုရေးအရ အထီးကျန်ဖြစ်နေသူများမှာ သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ချစ်ခင်သူများထံ မည်သည့်အခါမျှ အလည်အပတ်မသွားသူများတွင် သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေ ပုံမှန်ထက် ၃၆ ရာခိုင်နှုန်းပိုများကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ မိသားစုမိတ်ဆွေများထံ သွားရောက်လည်ပတ်မှုကို တစ်လလျှင်တစ်ကြိမ်မျှ ပြုလုပ်သူများပင်လျှင် လာမည့် ၁၂ နှစ်အတွင်း အသက်ဆုံးပါးနိုင်ခြေမြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် ချစ်သူခင်သူ မိတ်ဆွေ ဆွေမျိုးများထံ တစ်လလျှင် အနည်းဆုံးတစ်ကြိမ် အလည်အပတ်သွားခြင်းဖြင့် လူမှုရေးအရ အထီးကျန်မှုကြောင့် သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# 2023 Asian Rowing Masters Coastal Regatta လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်သုံးခုရရှိ



**ရန်ကုန် နိုဝင်ဘာ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingda မြို့၌ ကျင်းပခဲ့သည့် 2023 Asian Rowing Masters Coastal Regatta လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်သုံးခုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၂၇ နှစ်နှင့်အထက် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် အမျိုးသမီး နှစ်ယောက်လှော်ပြိုင်ပွဲ(CW2x) (2.8Km)တွင် မြန်မာနိုင်ငံမှ နီလာဝင်းနှင့် အိဖြူတို့က ပထမ ရွှေတံဆိပ်၊ တရုတ်နိုင်ငံက ဒုတိယ ငွေတံဆိပ်နှင့် တတိယကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့ကြသည်။

အလားတူ အမျိုးသမီး တစ်ယောက်လှော်ပြိုင်ပွဲ (CW1x) (1.6 Km)တွင် မြန်မာနိုင်ငံမှအိဖြူက ပထမ ရွှေတံဆိပ်၊ တရုတ်နိုင်ငံက ဒုတိယ ငွေတံဆိပ်နှင့် တတိယ ကြေးတံဆိပ်၊ အမျိုးသမီးတစ်ယောက်လှော်ပြိုင်ပွဲ (CWx) (1.6 Km) တွင် မြန်မာနိုင်ငံမှ နီလာဝင်းက ပထမ ရွှေတံဆိပ်၊ မလေးရှားနိုင်ငံက ဒုတိယ ငွေတံဆိပ်နှင့် အင်ဒိုနီးရှားနိုင်ငံက တတိယ ကြေးတံဆိပ် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

2023 Asian Rowing Masters Coastal Regatta ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အုပ်ချုပ်/နည်းပြ တစ်ဦး၊ အမျိုးသမီး အားကစားသမား နှစ်ဦးတို့သည် နိုဝင်ဘာ ၁၃ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **STA**

# လေဗာကူဆင်အသင်းတိုက်စစ်မှူး ဘွန်နီဖေ့ကို ဥရောပကလပ်အသင်းကြီးများ ခေါ်ယူရန်ကြိုးပမ်း

**ဘာလင် နိုဝင်ဘာ ၁၄**

ယခုနှစ် ဘောလုံးရာသီတွင် လေဗာကူဆင်အသင်းတိုက်စစ်ပိုင်း၌ သွင်းဂိုးခုနစ်ဂိုး သွင်းယူ၍ ခြေစွမ်းပြသနေသည့် ဘွန်နီဖေ့ကို ဥရောပထိပ်သီး ကလပ်အသင်းများက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လေဗာကူဆင်အသင်းတိုက်စစ်မှူး ဘွန်နီဖေ့သည် နည်းပြအလွန်ဆိုလက်အောက်တွင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် တစ်လတာအကောင်းဆုံးဆုများကို သုံးကြိမ်ဆက် ဆွတ်ခူးခဲ့ပြီးနောက် ဥရောပကလပ်အသင်းကြီးများက ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဘွန်နီဖေ့သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက စိန့်ဂျီလိုစီအသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကြေးယူရိုသန်း ၂၀ ဖြင့် ရောက်ရှိခဲ့ပြီးနောက် နည်းပြအလွန်ဆိုလက်အောက်တွင် အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နိုင်ခဲ့ကာ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှုငါးကြိမ် ပြုလုပ်နိုင်ခဲ့သည့်အပြင် ဘွန်ဒက်လီဂါအကောင်းဆုံးဆုကို သုံးလဆက် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အီတလီသတင်းမီဒီယာများတွင် ဦးစားပေးဖော်ပြခံခဲ့ရကာ ထိပ်သီးကလပ်အသင်းကြီးများ၏ စိတ်ဝင်စားမှုကို ရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဘွန်နီဖေ့သည် လေဗာကူဆင်အသင်းနှင့်လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းတာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းရန်ကြိုးပမ်းနေပြီး လက်ရှိတွင် ကစားသမားအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန် နိုင်ဂျီးရီးယားအသင်းနှင့် ပူးပေါင်းလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




## အားကစားသတင်း အတိုအထွာများ

- တောင်ပံကစားသမား ဆန်ချိုကို ဂျူဗင်တပ်အသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန် တရားဝင်ကမ်းလှမ်းခဲ့သော်လည်း မန်ယူအသင်းက ပယ်ချခဲ့ပြီး အပြီးသတ်ရောင်းချရန်သာ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဆော်ဒီအာရေဗျကလပ်အသင်းများက ခေါ်ယူနိုင်ရန် အပြိုင်ကမ်းလှမ်းမှုများရှိနေကြောင်း သိရသည်။
- တိုက်စစ်မှူး မိုရာတာက အေတီကိုအသင်းနှင့်အတူ ဆုဖလားများရယူလိုသောကြောင့် အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး ဆော်ဒီကလပ်အသင်းများ၏ မက်လုံးပေးကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **ML**

# အိုစီမန်ကို ချဲလ်ဆီးအသင်းခေါ်ယူနိုင်အောင် ကူညီပေးသွားမည်ဟု ကစားသမားဟောင်း မီခေးလ် ပြောကြား

**ရောမ နိုဝင်ဘာ ၁၄**

ချဲလ်ဆီးအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မီခေးလ်က နာပိုလီအသင်းမှ အိုစီမန်ကို ချဲလ်ဆီးအသင်း ခေါ်ယူနိုင်အောင် ကူညီပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်သစ် တော့ဘိုလီလက်ထက်တွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်များစွာအသုံးပြုပြီး ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းထားသော်လည်း အသင်းအထောင်တိုက်စစ်နေရာမှာ လိုအပ်ချက်များရှိနေသည့်အတွက် လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးခေါ်ယူသွားဖွယ်ရှိနေသည်။

အိုစီမန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နာပိုလီအသင်း ဆယ်စုနှစ်တစ်ခုကျော်ကြာ ဝေးကွာနေသည့် အီတလီစီးရီးအေချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သကဲ့သို့ သွင်းဂိုးအများဆုံးကစားသမားဆုနှင့် အီတလီစီးရီးအေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုတို့ကိုပါ ရယူနိုင်ခဲ့သူဖြစ်ကာ ယခုနှစ် ဘောလုံးရာသီတွင်လည်း အီတလီစီးရီးအေ ရှစ်ပွဲကစားပြီးချိန်တွင် ခြောက်ဂိုးထိ သွင်းယူထားသူဖြစ်သည်။

မီခေးလ်သည် ချဲလ်ဆီးအသင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ကစားခဲ့သူဖြစ်ပြီး အိုစီမန်နှင့်လည်း တစ်နိုင်ငံတည်းသားဖြစ်ကာ နိုင်ဂျီးရီးယားအသင်းတွင် တွဲဖက်ကစားဖူးသူများဖြစ်ပြီး ဆက်ဆံရေးကောင်းများရှိသူဖြစ်သည့်အတွက် အိုစီမန်ကို ချဲလ်ဆီးအသင်းခေါ်ယူနိုင်ရန် စည်းရုံးမှုများပြုလုပ်နေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းပြချက်ဖြင့် ခံစစ်ကစားသမားဒါလော့ ပေါ်တူဂီအသင်းလူစာရင်းမှ နုတ်ထွက်

**မန်ချက်စတာ နိုဝင်ဘာ ၁၄**

မန်ယူအသင်းခံစစ်ကစားသမား ဒါလော့သည် ယူရို ၂၀၂၄ခြေစစ်ပွဲကစားရမည့် ပေါ်တူဂီအသင်းလူစာရင်းမှ ပုဂ္ဂိုလ်ရေးအကြောင်းပြချက်ဖြင့် နုတ်ထွက်သွားခဲ့သည်ဟု ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့သည်။

မန်ယူအသင်းခံစစ်ကစားသမား ဒါလော့သည် ပေါ်တူဂီအသင်းနှင့် ကစားရမည့် ခြေစစ်ပွဲစဉ်အတွက် အသင်းလူစာရင်းတွင် ရွေးချယ်ခံရသော်လည်း ၎င်းသည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် နည်းပြမာတီနက်ဇ်နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ပုဂ္ဂိုလ်ရေးအကြောင်းပြချက်ဖြင့် လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့ကြောင်း ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမားသည် ပေါ်တူဂီအသင်းလူစာရင်းမှ ထွက်ခွာခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့သော်လည်း ၎င်းနှင့်စေ့စပ်ထားသည့် အတူနေချစ်သူသည် ပထမဆုံးကလေးမွေးဖွားမည်ဖြစ်သဖြင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။




ပေါ်တူဂီအသင်းအတွက် ပြိုင်ပွဲစုံ ၁၆ ပွဲ ပါဝင်ကစားခဲ့သည့် ဒါလော့သည် ပြီးခဲ့သည့် ၂၄ လအတွင်း အသင်းအတွက် ၁၂ ပွဲသာ ပါဝင်ခွင့်ရခဲ့ကာ နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံငါးပွဲတွင်လည်း တစ်ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး အသင်းအနေဖြင့် ယူရို ၂၀၂၄ခြေစစ်ပွဲတွင် ရှုံးပွဲမရှိဘဲ အမှတ်ပေးဇယားထိပ်တွင်ရပ်တည်နိုင်ခဲ့ပြီး နှစ်ပွဲကစားရန် ကျန်ရှိနေသော်လည်း တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ယခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၂ ရက်တွင် စတင်ကျင်းပမည်



**နေပြည်တော် နိုဝင်ဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဦးဆောင်သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၂ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် (၃၁)ရှိ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူထုအားကစားနှင့်ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်း လမ်းလျှောက်ပွဲများကို လုံခြုံမှုအပြည့်ဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီးနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲများကို ၂၀၀၆ ခုနှစ်မှစတင်ကျင်းပခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေသည့်အတွက် ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို အပတ်စဉ် စနေနေ့များဖြစ်သည့် ဒီဇင်ဘာ ၂ ရက်၊ ၉ ရက်၊ ၁၆ ရက်၊ ၂၃ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အိုဒီဂတ်၏ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ အာဆင်နယ်အသင်း ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၄**

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား အိုဒီဂတ်ကို တင်ပါးဒဏ်ရာရရှိခဲ့သည်ဟု ထုတ်ပြန်ထားသော်လည်း ၎င်းသည် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်မတိုင်မီလေ့ကျင့်ရေးအစီအစဉ်တွင် မျက်နှာကို ဘောလုံးထိမှန်ခဲ့မှုကြောင့် ဒဏ်ရာပြင်းထန်ခဲ့သည့်အတွက် ပြီးခဲ့သည့်ပွဲစဉ်များကို လွဲချော်ခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစောပိုင်းက အိုဒီဂတ်ကို တင်ပါးဒဏ်ရာ ရရှိနေသည်ဟု အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့ပြီး ယခုအခါ အာဆင်နယ်အသင်းက ကစားသမားအနေဖြင့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်မတိုင်မီ ပြုလုပ်သည့် လေ့ကျင့်ရေးအစီအစဉ်တွင် မျက်နှာကို ဘောလုံးထိမှန်ခဲ့မှုကြောင့် ဒဏ်ရာပြင်းထန်ခဲ့သည့်အတွက် ပွဲထွက်လူစာရင်းမှချန်လှပ်ခံခဲ့ရကာ ဆီဗီလာအသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်ကိုပါ လွဲချော်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အိုဒီဂတ်သည် ဒဏ်ရာကြောင့် နော်ဝေအသင်း လူစာရင်းမှ ထုတ်ပယ်ခံခဲ့ရကာ အင်္ဂလန်နိုင်ငံတွင်သာ ကျန်ရှိခဲ့ပြီး နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်အဖြစ် ဖာရိုးကျွန်းစုအသင်း၊ စကော့တလန်အသင်းတို့နှင့် ကစားရမည့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကာ နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးပါက အသင်းနှင့် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဂျီးဆပ်ကို တံကောက်ကြော ဒဏ်ရာကြောင့် အောက်တိုဘာ ၂၄ ရက်ကတည်းက အနားပေးထားသော်လည်း ဘရာဇီး လက်ရွေးစင်အသင်းက ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားရမည့် လူစာရင်း၌ထည့်သွင်းခဲ့ပြီး ကစားသမားကို အသင်းနှင့်စစ်ဆေးမှုများပြုလုပ်၍ ကြံ့ခိုင်မှုပြည့်ဝပါက ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သောကြောင့် ဘရာဇီးနိုင်ငံသို့ စေလွှတ်ပေးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : ML

# LPGA Rookie of the Year ကစားသမားအဖြစ် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ယူဟဲရန် ရွေးချယ်ခံရ

**ဖလော်ရီဒါ နိုဝင်ဘာ ၁၄**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဒေးတိုနာမြို့တွင် အခြေစိုက်သည့် အမျိုးသမီးပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်အသင်း (LPGA) က ၂၀၂၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး မျက်နှာသစ် ဂေါက်သီးရိုက်မယ်ဖြစ်သည့် LPGA Rookie of the Year အဖြစ် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ယူဟဲရန်ကို ရွေးချယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ယူဟဲရန်သည် LPGA Rookie of the Year ကစားသမားအဖြစ် ရမှတ် ၈၉၃ မှတ်ဖြင့် ရွေးချယ်ခံခဲ့ရပြီး ဩစတြေးလျဂေါက်သီးရိုက်မယ် ဂရေ့ကင်မ်က ရမှတ် ၆၁၉ မှတ်ဖြင့် ဒုတိယနေရာတွင်ရပ်တည်ခဲ့ကာ အမေရိကန် ဂေါက်သီးရိုက်မယ် ရို့စ်ဂျန်က ရမှတ် ၅၁၃ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ယူဟဲရန်သည် ၂၀၁၅ ခုနှစ်နောက်ပိုင်း LPGA Rookie of the Year ကစားသမားအဖြစ် ရွေးချယ်ခံရသည့် ဆဋ္ဌမမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



ယူဟဲရန်က "LPGA Rookie of the Year ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရတာ ဝမ်းသာပါတယ်။ ဒီလို ဂုဏ်သိက္ခာရှိတဲ့ဆုရသူစာရင်းမှာ ကျွန်မရဲ့နာမည်ပါဝင်ခွင့်ရတာ ဝမ်းသာပါတယ်။ အခုနှစ်ဂေါက်သီးရိုက်ရာသီက ကျွန်မအတွက်တော့ အမြဲတမ်း အမှတ်တရဖြစ်စေမဲ့ ဂေါက်သီးရိုက်ရာသီ ဖြစ်ပါတယ်။ LPGA Tour မှာ ဒီနှစ်အတွင်း ရယူနိုင်ခဲ့တဲ့ အောင်မြင်မှုတချို့အတွက် ဝမ်းသာပါတယ်။ ကျွန်မ အခုလိုအောင်မြင်မှုတွေရခဲ့တာက နည်းပြအဖွဲ့တွေရဲ့ စွမ်းဆောင်ရည်ကြောင့်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : AZL

# WBC၊ WBO စူပါဖယ်သာဝိတ်တန်း ချန်ပီယံ စတီဗင်ဆင်က လိုမာချန်ကိုအား စိန်ခေါ်

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

WBC၊ WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအမေရိကန် လက်ဝှေ့သမား စတီဗင်ဆင်သည် ယူကရိန်း လက်ဝှေ့သမား လိုမာချန်ကိုနှင့် ထိုးသတ်လိုကြောင်း စိန်ခေါ်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

WBA (Super)၊ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း လိုမာချန်ကိုသည် လက်ရှိချန်ပီယံတစ်ဦး မဟုတ်သော်လည်း အရှိန်အဝါရှိသည့် လက်ဝှေ့သမားဖြစ်သည့်အတွက် စိန်ခေါ်ထိုးသတ်လိုခြင်းဖြစ်ကြောင်း စတီဗင်ဆင်က ပြောကြားခဲ့သည်။

စတီဗင်ဆင်သည် နိုဝင်ဘာ ၁၆ ရက်တွင် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် ဒိုမီနီကန်ရီပါပလစ်လက်ဝှေ့သမား အက်ဝင်ဒီလေ့စ်ဆန်းတို့စ်နှင့် အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်မြို့၌ ထိုးသတ်မည်ဖြစ်သည်။

အဆိုပါ စိန်ခေါ်ပွဲတွင်လည်း စတီဗင်ဆင်သည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေပြီး ၎င်းစိန်ခေါ်ပွဲအပြီးတွင် လိုမာချန်ကိုနှင့် လိုက်ဝိတ်တန်းတွင် စိန်ခေါ်ထိုးသတ်သွားမည်ဖြစ်သည်။

လိုမာချန်ကိုသည်လည်း ဩစတြေးလျလက်ဝှေ့သမား ဂျော့ကမ်ဘိုဆော့ဂျူနီယာနှင့် ထိုးသတ်ရန် စီစဉ်ထားပြီး လိုမာချန်ကိုအနေဖြင့် စိန်ခေါ်မှုတိုင်းကို လက်ခံသွားရန် အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

Ref : Xinhua
Trs : AZL




# ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွင် အလက်ဇန်းဒါးဇီရက်ဗ်က အယ်ကာရက်ဇ်ကို အနိုင်ရရှိ

**တူရင် နိုဝင်ဘာ ၁၄**

အီတလီနိုင်ငံ တူရင်မြို့၌ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဇီရက်ဗ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အလက်ဇန်းဒါးဇီရက်ဗ်က (၆-၇၊ ၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အနေဖြင့် ယခုနှစ် တင်းနစ်ရာသီတွင် အောင်မြင်မှုတချို့ ဆွတ်ခူးနိုင်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲတော်တော်များများကို လွဲချော်ခဲ့ရသည်။

အယ်ကာရက်ဇ်သည် ATP Finals တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပါက ၁၉၉၁ ခုနှစ်တွင် အမေရိကန်တင်းနစ်ကစားသမား ပီတီဆမ်ပရက်စ်နောက်ပိုင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်မည် ဖြစ်သော်လည်း အယ်ကာရက်ဇ်အနေဖြင့် ပွဲဦးထွက်တွင် အလက်ဇန်းဒါးဇီရက်ဗ်ကို ရှုံးနိမ့်ခဲ့ကာ လက်စွမ်းပိုင်းမှာလည်း ပုံမှန်လက်စွမ်းအောက် ရောက်နေသည်။

ATP Finals တင်းနစ်ပြိုင်ပွဲသည် အခြားသောပြိုင်ပွဲများနှင့်မတူသော ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး တစ်နှစ်တာအတွင်း ကျင်းပခဲ့သော ပြိုင်ပွဲများတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သော ချန်ပီယံများကို စုစည်းကျင်းပပေးသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သလို အုပ်စုစနစ်ဖြင့် ကျင်းပသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# မြောက်ကိုရီးယား-ရုရှား နျူကလီးယားပူးပေါင်းဆောင်ရွက်မှု အလားအလာ



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုနှစ် စက်တင်ဘာ ၁၃ ရက်က ရုရှားနိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရာနေရာဖြစ်သည့် Vostochny Cosmodrome ၌ သမ္မတဗလာဒီမာပူတင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ် ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို ဂြိုဟ်တုလွှတ်တင်နိုင်ရေးနှင့် ဒုံးကျည်များစမ်းသပ်ပစ်ခတ်ရေးတို့တွင် အကူအညီပေးသွားမလားဆိုသော မေးခွန်းနှင့်စပ်လျဉ်း၍ ပူတင်က မိမိတို့အနေဖြင့် ၎င်းကိစ္စအတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ မြောက်ကိုရီးယားခေါင်းဆောင်သည် အာကာသနယ်ပယ်နှင့် ဒုံးကျည်ထုတ်လုပ်ရေးတို့တွင် များစွာစိတ်ပါဝင်စားလျက်ရှိကြောင်းနှင့် အာကာသနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ပူတင်၏ သဘောထားမှတ်ချက်သည် မြောက်ကိုရီးယားနိုင်ငံသို့ အဆင့်မြင့် အာကာသနည်းပညာ လွှဲပြောင်းပေးအပ်သွားမည့် ရုရှား၏ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် အရပ်ဘက်သုံးဂြိုဟ်တုနည်းပညာနှင့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည် (ICBM) နည်းပညာလွှဲပြောင်းပေးအပ်ခြင်းနှင့်အတူ နျူကလီးယားလက်နက် အစီအစဉ်အတွက်လည်း မြောက်ကိုရီးယားသို့ အထောက်အပံ့များ ပေးအပ်သွားဖွယ်ရာ ရှိနေသည်။

မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပေါ်ထွက်လာခြင်းနှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သော အမြင်သဘောထားမှတ်ချက်များ ပျံ့နှံ့လာခြင်းသည် အံ့သြဖွယ်ရာပင်ဖြစ်သည်။ အနောက်နိုင်ငံများနှင့် တောင်ကိုရီးယားမှ အရာရှိကြီးများသည် မြောက်ကိုရီးယားနှင့်ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်လာသည့် ရုရှား၏ သဘောထားနှင့်စပ်လျဉ်း၍ ယူကရိန်းစစ်ပွဲအတွက် လိုအပ်သော ခဲယမ်းများရရှိရေးအတွက်သာ ဖြစ်ကြောင်း ခပ်လွယ်လွယ်ပင် သုံးသပ်ပြောဆိုခဲ့ကြသည်။ အနောက်နိုင်ငံများသည် ရုရှားနိုင်ငံအပေါ် ၎င်းတို့၏ ပိတ်ဆို့မှုလုပ်ငန်းများ ထိရောက်သည်ဟု ကျေနပ်နေလျက်ရှိပြီး အမေရိကန် တာဝန်ရှိသူတစ်ဦးကပင်လျှင် ပူတင်အနေဖြင့် ကင်ဂျုံအန်ထံမှ စစ်ရေးဆိုင်ရာ အကူအညီများ တောင်းခံခဲ့သည်ဆိုသော သတင်းကို ပယ်ချခဲ့သည်။

အလားတူ တောင်ကိုရီးယားအခြေစိုက် စစ်ရေးသုံးသပ်သူတစ်ဦးကလည်း ရုရှားအနေဖြင့် မြောက်ကိုရီးယားကို ICBM သို့တည်းမဟုတ် ရေငုပ်သင်္ဘောပေါ်မှပစ်ခတ်နိုင်သည့် ပဲ့ထိန်းဒုံးကျည်နည်းပညာ (SLBM)များကဲ့သို့သော စစ်ရေးဆိုင်ရာအဆင့်မြင့်နည်းပညာများ လွှဲပြောင်းရန်ရှိသည်ဆိုသည့် အယူအဆကို ပယ်ချခဲ့သည်။ တောင်ကိုရီးယား ကျွမ်းကျင်ပညာရှင်များကလည်း လက်ရှိဖြစ်ပွားနေသော ယူကရိန်းစစ်ပွဲပြီးဆုံးသွားသည့်အချိန်တွင် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်အပေါ် ရုရှား၏အကူအညီမှာလည်း မှေးမှိန်ပျောက်ကွယ်သွားဖွယ်ရာ ရှိကြောင်း ထင်ကြေးပေးပြောဆိုလျက်ရှိသည်။

အဆိုပါ အပြုသဘောဆောင်သောအမြင်သည် ပြဿနာကို ဖိတ်ခေါ်နေခြင်းပင်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံကို ရုရှား၏ နျူကလီးယားနည်းပညာ ပံ့ပိုးကူညီမှုသည် လတ်တလောခဲယမ်းလိုအပ်ချက်ထက် နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ အကျိုးကျေးဇူးများရှိနိုင်သည်ဆိုသောအချက်ကို လျစ်လျူရှုထားသောကြောင့်ပင်ဖြစ်သည်။

ရုရှားအနေဖြင့် သမားရိုးကျဒုံးကျည်များနှင့် အမြောက်ခဲယမ်းများရရှိရေးအတွက် မြောက်ကိုရီးယားနိုင်ငံကို အဆင့်မြင့် နျူကလီးယားနည်းပညာ လွှဲပြောင်းပေးသွားမည်ဟုဆိုသော ကောက်ချက်ချမှုသည် တွေးစရာမလိုသော အချက်ပင်ဖြစ်သည်။ အဆင့်မြင့်နျူကလီးယားနည်းပညာသည် ရူပဗေဒ၊ အာကာသအင်ဂျင်နီယာ၊ ကွန်ပျူတာသိပ္ပံတို့ကဲ့သို့သော နယ်ပယ်ပေါင်းစုံရှိ ဆန်းသစ်သောသိပ္ပံပညာနှင့် နည်းပညာတို့ ပေါင်းစပ်ထားရှိခြင်းဖြစ်သည်။ ရုရှား၏ နည်းပညာတန်ဖိုးသည် မြောက်ကိုရီးယား၏ခေတ်လွန်ခဲယမ်းများထက် တန်ဖိုးများစွာ မြင့်မားလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ရုရှားနိုင်ငံအနေဖြင့် အမြောက်ခဲယမ်းများထက်ပိုမိုသော မဟာဗျူဟာမြောက်အကျိုးစီးပွားများရရှိနိုင်သည့်အတွက် မြောက်ကိုရီးယားနိုင်ငံသို့ နျူကလီးယားနည်းပညာ လွှဲပြောင်းပေးအပ်သွားဖွယ်ရာရှိနေသည်။

ရေတိုကာလအားဖြင့် ရုရှားသည် ယူကရိန်းစစ်ပွဲနှင့်စပ်လျဉ်း၍ အသာစီးရရှိနိုင်သော နိုင်ငံတကာအခင်းအကျင်းတစ်ရပ် ဖန်တီးနိုင်ရေးအတွက် မြောက်ကိုရီးယားကို နျူကလီးယားနည်းပညာ ပံ့ပိုးပေးသွားနိုင်သည်။ မြောက်ကိုရီးယား၏ နျူကလီးယားစွမ်းဆောင်ရည်များကို အားသစ်လောင်းပေးခြင်းအားဖြင့် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားကို အခဲလောင်စာသုံး ICBM များနှင့် SLBM များ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခြင်းကဲ့သို့သော နျူကလီးယားစမ်းသပ်မှုများကို မကြံစဖူးလုပ်ဆောင်သွားရန် တိုက်တွန်းအားပေးသွားနိုင်သည်။ လက်ရှိအချိန်တွင် အမေရိကန်ကို ခြိမ်းခြောက်လျက်ရှိသည့် မြောက်ကိုရီးယား၏ အဆင့်မြင့်နျူကလီးယား စွမ်းဆောင်ရည်များသည် တောင်ကိုရီးယားနှင့် ဂျပန်တို့ကိုစိုးရိမ်ပူပန်မှုမြင့်တက်လာစေလျက်ရှိပြီး အမေရိကန်အနေဖြင့် လုံခြုံရေးအာမခံချက်ပေးနိုင်မှုနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လာလျက်ရှိသည်။

ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နှင့် ၎င်း၏ အာရှမဟာမိတ်များကို ယူကရိန်းစစ်ပွဲမှ မြောက်ကိုရီးယား၏ မြင့်တက်လာသောနျူကလီးယားခြိမ်းခြောက်မှုများသို့ အာရုံပြောင်းစေနိုင်ပြီး ယူကရိန်းနိုင်ငံသို့ စစ်ရေးဆိုင်ရာအကူအညီများ ပေးအပ်သွားလိုသည့် ဆန္ဒများကိုလည်း လျှော့ချစေနိုင်မည်ဖြစ်သည်။

ရေရှည်ကာလတွင်မူ ယူကရိန်းစစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း၌ပင်လျှင် ရုရှားနိုင်ငံသည် ၎င်း၏ မဟာဗျူဟာမြောက်အကျိုးစီးပွားများအဆင့်မြှင့်တင်နိုင်ရန် အရှေ့အာရှတွင် မြောက်ကိုရီးယားနိုင်ငံကို သဘောထားတင်းမာသည့် နျူကလီးယားနယ်ရုပ်အဖြစ် အသုံးချသွားနိုင်ပေသည်။ ယူကရိန်းစစ်ပွဲသည် NATO မဟာမိတ်တိုးချဲ့ခြင်းနှင့် ဂျပန်-တောင်ကိုရီးယား-အမေရိကန်ညွန့်ပေါင်းဖွဲ့စည်းခြင်းတို့ ဖြစ်ပေါ်လာစေခဲ့သည်။

ရုရှားနိုင်ငံသည် အဆိုပါ ပထဝီနိုင်ငံရေးဆိုင်ရာ ဝန်းကျင်ကို ပြန်လည်ပုံဖော်တည်ဆောက်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစွမ်းဆောင်ရည်များ တောင့်တင်းခိုင်မာလာစေရန် ပံ့ပိုးကူညီလာနိုင်ပေသည်။ ထိုမှတစ်ဆင့် ၎င်းကိုဆန့်ကျင်နေသည့် ညွန့်ပေါင်းအဖွဲ့များ စိုးရိမ်ပူပန်မှုမြင့်တက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးသဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုများ မြင့်တက်လာခြင်းသည် ဥရောပတွင် ရုရှားကို ထိန်းချုပ်သွားလိုသည့် အမေရိကန်၏ယူကရိန်းစစ်ပွဲ အလွန်ကြိုးပမ်းမှုကို ပိုမိုရှုပ်ထွေးလာစေမည်ဖြစ်ပြီး

❖ ရုရှားအနေဖြင့် သမားရိုးကျဒုံးကျည်များနှင့် အမြောက်ခဲယမ်းများရရှိရေးအတွက် မြောက်ကိုရီးယားနိုင်ငံကို အဆင့်မြင့်နျူကလီးယားနည်းပညာလွှဲပြောင်းပေးသွားမည်ဟုဆိုသောကောက်ချက်ချမှုသည် တွေးစရာမလိုသော အချက်ပင်ဖြစ်သည်။ အဆင့်မြင့်နျူကလီးယားနည်းပညာသည် ရူပဗေဒ၊ အာကာသအင်ဂျင်နီယာ၊ ကွန်ပျူတာသိပ္ပံတို့ကဲ့သို့သော နယ်ပယ်ပေါင်းစုံရှိ ဆန်းသစ်သောသိပ္ပံပညာနှင့် နည်းပညာတို့ပေါင်းစပ်ထားရှိခြင်းဖြစ်သည်။ ရုရှား၏နည်းပညာတန်ဖိုးသည် မြောက်ကိုရီးယား၏ ခေတ်လွန်ခဲယမ်းများထက် တန်ဖိုးများစွာမြင့်မားလျက်ရှိသည်။ ❖

ထိုသို့ ဖြစ်ပေါ်လာမည်ဆိုလျှင် ဥရောပ၌ ရုရှား၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများ မြင့်တက်လာမည်ဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံသည် နျူကလီးယားအထောက်အပံ့ကို နည်းလမ်းတစ်ရပ်အဖြစ်အသုံးချလျက် မြောက်ကိုရီးယားနိုင်ငံအပေါ် လွှမ်းမိုးမှုပြန်လည်တည်ဆောက်ရန် ကြိုးပမ်းသွားဖွယ်ရာရှိနေသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် မြောက်ကိုရီးယားအပေါ် ရုရှား၏လွှမ်းမိုးမှု တဖြည်းဖြည်းမှေးမှိန်လာခဲ့သဖြင့် တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိုမိုလွှမ်းမိုးလာခဲ့သည်။ ထို့ကြောင့် ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား နီးစပ်သောဆက်ဆံရေးသည် မြောက်ကိုရီးယားနိုင်ငံအပေါ် တရုတ်၏ထိန်းချုပ်နိုင်မှု ကျဆင်းလာနိုင်ပေသည်။ ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနှင့် နျူကလီးယားမိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်းအားဖြင့် မြောက်ကိုရီးယားအပေါ် ကာလရှည်ကြာလွှမ်းမိုးလာနိုင်မည့်အပြင် တရုတ်နှင့် ခပ်ခွာခွာနေထိုင်ရန် ဖန်တီးသွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အမေရိကန်နှင့် တောင်ကိုရီးယား မူဝါဒချမှတ်သူများအနေဖြင့် ရုရှား- မြောက်ကိုရီးယား နျူကလီးယားညွန့်ပေါင်းအဖွဲ့ ပေါ်ထွက်လာမှုအပေါ် ပိုမိုအလေးထား စောင့်ကြည့်သွားသင့်ပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး လက်တွေ့ကျသော အစီအမံများ ချမှတ်သွားရန် လိုအပ်လာပြီဖြစ်သည်။ အရှေ့အာရှဒေသအတွက် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များသည် ရုရှားတို့၏ နျူကလီးယားနည်းပညာဆိုင်ရာပံ့ပိုးမှုအပေါ်တွင် မူတည်လျက်ရှိသည်။ သာဓကအနေဖြင့် ရုရှားတို့၏ နျူကလီးယားနည်းပညာဆိုင်ရာပံ့ပိုးမှု၏ သက်ရောက်မှုများသည် ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားကို နျူကလီးယားလက်နက်နည်းပညာများ ရုတ်ခြည်းပံ့ပိုးခြင်း သို့တည်းမဟုတ် တဖြည်းဖြည်းချင်း ပံ့ပိုးသွားမှုအပေါ်တွင် မူတည်လျက်ရှိသည်။

ထို့ပြင် အမေရိကန်နှင့် အာရှဒေသရှိ ၎င်း၏ မဟာမိတ်များ၏ လုံခြုံရေးအပေါ်သက်ရောက်မှုသည်လည်း မြောက်ကိုရီးယား၏ တုံ့ပြန်တိုက်ခိုက်မည့် နျူကလီးယားစွမ်းဆောင်ရည်များ တိုးတက်လာစေရန်အတွက် ရုရှား၏ နျူကလီးယားနည်းပညာ လွှဲပြောင်းပေးမှုအပေါ်တွင် မူတည်လျက်ရှိသည်။ ဆိုလိုသည်မှာ ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို ICBM နှင့် SLBM နည်းပညာများ၊ တိကျပဲ့ထိန်းဒုံးကျည်စနစ်များနှင့် အသံလွန်နည်းပညာများ လွှဲပြောင်းပေးမှုအပေါ်တွင် မူတည်လျက်ရှိသည်။ ထို့ကြောင့် အမေရိကန်နှင့်တောင်ကိုရီးယားအစိုးရတို့အနေဖြင့် ပြုပြင်ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်သွားရန် လိုအပ်လာပြီဖြစ်သည်။ တိကျမှုမရှိသည့်ရောဂါ မှန်းဆရှာဖွေမှုသည် ဆေးညွှန်ပေးရာတွင် လွဲမှားမှုဖြစ်ပေါ်စေနိုင်ပေသည်။ အနောက်နိုင်ငံများနှင့် တောင်ကိုရီးယား တာဝန်ရှိသူများနှင့် လေ့လာသုံးသပ်သူများအနေဖြင့် မှန်ကန်စွာသုံးသပ်သွားသင့်ပေသည်။ ဆိုရလျှင်အရှေ့အာရှဒေသတွင် နျူကလီးယားမုန်တိုင်းဆင်လာနေပြီဖြစ်ပေသည်။

**ကိုးကား**

- **The Prospects for North Korea-Russia Nuclear Cooperation By The Diplomat.**

မောင်သောင်းဝင်း(တမန်ဟောင်း)

# Board of Trustees of historic Sri Mingala Kabar Aye Pagoda plan to host Golden Lotus Robes offering ceremony


Sri Mingala Kabar Aye Pagoda in Yangon.

**Yangon November 14**

The Matho Thingan (non-perishable robe) offering ceremony will be held at historic Sri Mingala Kabar Aye Pagoda during Tazaungdaing Festival, according to reports from the Board of Trustees of the Sri Mingala Kabar Aye Pagoda on November 12, 2023.

The pagoda is located on Sri Mingala Hill in Yay Ku Ward, Mayangone Township in Yangon. By its title, it is known as the Sri Mingala Kabar Aye Pagoda. It was established and worshiped with the intention of praying for world peace.

The Matho Thingan offering ceremony and rice alms donation ceremony will be held for 23rd time and will be held at 4:30 pm on November 26, 2023.

The Sri Mingala Kabar Aye Pagoda is not at all similar to the pagodas that have been built in Myanmar, but according to the ancient art of architecture, it has been built with a cave-like tower inside it with large columns of cast iron.

336

# Rakhine State government spends K3.5 billion on development of Sittway Township

**Sittway November 14**

Rakhine State government decided to carry out development of Sittway Township with its fund to spend K3.5 billion, said U Hla Thein, Advocate-General of Rakhine State government.

In this regard, it is a 90-day plan for development of Sittway Township. Emphasis is being placed on beautification of Sittway Township.

"In implementation of the 90-day project, we will carry out sanitation along both sides of the roads, dredging of drains, installation of health exercise devices for the elderly in the parks. Moreover, we will sink tube-wells in the township for ensuring water sufficiency for the local people in summer. We will upgrade Shukhintha Road and the road leading to the beach. The state government will make concerted efforts for the 90-day plan and then carries on development undertakings but Rakhine State development committee will take responsibility for maintenance of development process," he added.


A newly-built road in Sittway.

The 90-day project commenced on 1 November, and it will be complete at the end of January coming year.

Sittway is formed with more than 30 wards, and a total of 150 workers from departments are assigned at the relevant committees for implementing the 90-day plan.

ASH

# Temporary truck terminal to be built in Myitkyina, Kachin State

**Myitkyina November 14**

A temporary truck terminal will be established in Myitkyina, Kachin State, according to reports from the Kachin State Government.

The temporary terminal project owned by the Myitkyina Township Development Committee will be implemented on a 7-acre plot of land designated for the market and brokerage in Shwepyitha Myothit, Pammati Ward, Myitkyina. Therefore, in order to be able to implement the project within the current fiscal year, it is now inviting tenders from Myanmar ethnic entrepreneurs who want to invest and operate 100 percent of the project's related businesses through the BOT system.

Sales of tender proposal forms have already started at the office of the Development Committee of Kachin State since October 10 for ethnic entrepreneurs who want to work on the project. The proposal forms must be returned to the office by 4:00 pm on December 8. For further information, call 09-896400991.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Coconut timber market gets active in Ayeyawady delta

**Bogalay November 14**

As the open season approaches, the coconut timber market in the Delta region has become active, according to coconut farm owners, carpenters, and those selling coconut timber in Bogalay Township.

Now that bamboo is scarce and prices are rising, iron and steel bricks are used instead of wood in the construction of houses. However, the prices of bricks, iron, and steel are still high for the grassroots, and there are many financial costs for entrepreneurs.

Therefore, in the coastal areas of the Delta, local coconut timbers which are reasonably priced and easily available, sell well and are used in the construction of residential buildings and marine facilities.

Although the price of wood in coastal areas is high, coconut timber is priced at a rate of only 500,000 kyats per ton, so the price is much cheaper. In addition, coconut timbers are durable so they are used by the lower and middle classes. In addition, marine entrepreneurs also use them in the construction of marine industry buildings. Currently, the price of one coconut tree in coastal areas is about 45,000 kyats. One ton of coconut timber is obtained from trees. The cost of sawn timber is 120,000 kyats per ton. Therefore, as the coconut timber market is active in the coastal areas of Bogalay Township, and coconut plantation owners, saw mills and entrepreneurs are making profits.

336


Coconut-trees being cut to produce timber.

# Magway Region enhances tourism sector with eight new destinations for local and foreign travellers



An ancient temple in Magway Region.

**Magway November 14**

Tourism services are being improved at eight new destinations in Magway Region for attracting local and foreign travellers before this high season, said director U Zaw Lwin Htet of the Magway Region Directorate of Hotels and Tourism.

At present, tourism agencies and companies have distributed facts about the tourist destinations for eight new destinations to Thai tourists. Moreover, awareness are being raised to local tour guides and responsible persons from hotels, motels and lodges.

"We are disseminating the knowledge about destinations and histories to tourists. Moreover, we contact authorities for improving the transport facilities. As Thai and Russian tourists have visited there, we are improving the tourism services with the expectation of coming more travellers," he added.

Eight new destinations in Magway Region are Myathalun pagoda and Magway strand road in Magway Township, Sekkeinte Pagoda and Nagapwet Hill in Minbu Township, Minhla fort and Kwechaug fort in Minhla Township, Beikthanoe ancient city in Taungdwingyi Township, General Aung San Museum in Natmauk Township, Sandaku Natha monastery in Pwintbyu Township, Werthe Lake in Salin Township, Sale region in Yanangyoung Township, Yokesone monastery in Sale, Thihoshin Pagoda, Tharekkhan Pagoda, Shwegu Pagoda, Shwemokhtaw Pagoda in Pakokku Township and Pakhangyi.

ASH

# Importation prioritized in three sectors

**Nay Pyi Taw November 14**

The Ministry of Commerce stated that the government allows import of three prioritized items due to local demand.

First prioritized items are medicines and medications, raw materials for drugs, fertilizers, pesticides and seeds, livestock utensils, raw materials for livestock farms, animal drugs, diesel, petroleum, cooking oil, plastic balls, raw plastic, foodstuffs, lubricants, fuel and gas equipment.

The second prioritized materials are iron and steel wares, school equipment, accessories of electrification, construction materials, macines and machine parts, tyres and rubber products, vehicles and heavy machinery parts, communication devices and spare parts.

Third prioritized materials are electronics, home electronics, telephones and communication accessories, foodstuffs, personal goods and vehicles and heavy machinery.



Yangon international port handles cargoes.

The ministry arranges import of goods for maritime trade route via foreign exchange supervisory committee and prioritizes issuance of licences to import of goods through land borders. 336

# Cement imported via sea and border trade routes in October

**Nay Pyi Taw November 14**

In October this year, cement was imported via the sea trade route as well as the border trade routes, according to sources from the Ministry of Commerce.

Now that the open season has arrived, home building construction and renovations have come. Therefore, the domestic cement market has also become active. As the cement market became more active, imports of cement from abroad have begun through the maritime trade route as well as the border trade route.

In October, over 500 tons of cement worth US$0.100 million was imported via maritime trade and over 7,200 tons of cement worth US$0.575 million via border trade totalling over 7,700 tons worth US$0.657 million.

In October, cement was imported from the United Arab Emirates and Thailand alone. More than 500 tons of cement were imported from the United Arab Emirates through sea trade, and 7,200 tons of cement were imported from Thailand through border trade.

Currently, Myanmar has 16 private cement factories and 3 state-owned cement factories, with a total of 19 cement factories producing 7 or 9 million tons of cement per year. million in production and distribution, but according to domestic demand, they had to import about one million tons of cement from abroad every year. Therefore, if the local cement factories can operate at full capacity, they will be able to produce more than 16 million tons of cement per year, which will be sufficient for domestic consumption. 336

# 'Chaos & Power Vacuum' in WH is Why Israel Snubs US Advice on Gaza - Sy Hersh

**Gaza November 14**

While offering Israel unwavering support, the Biden administration has blocked calls for a ceasefire in Gaza at the UN. US officials also put on a show of shuttle diplomacy across the Middle East, while talking behind closed doors with Israeli leadership to contain reelection fallout for POTUS, Russia's Foreign Intelligence Service has claimed.

Israel has dismissed any advice from the White House regarding its operation in Gaza because "there is a power vacuum in Washington," Seymour Hersh has cited sources as saying.

Israeli Prime Minister Benjamin Netanyahu has not been listening to the "waffling" of the Biden administration, the US investigative journalist wrote on Substack.

The Israel Defense Forces (IDF) have been intensifying their Gaza operation to eliminate Hamas amid global protests over the spiraling Palestinian civilian death toll. Over 11,000 people, many of them children, have already died in the enclave, according to the Gazan Health Ministry. There have been global marches of protest against what is seen as a disproportionate military response on the part of Israel, with similar demonstrations in the US as well. While the US was quick to announce at the start of Israel's retaliation for the Hamas October 7 attack that it "had its back," it launched a feeble attempt at shuttle diplomacy.

Sputnik

# North Korea Blasts G7 Bloc as Cold War Relic That 'Should Be Dismantled Immediately'

**Pyongyang November 14**

The comments come in the wake of last week's G7 foreign ministers' statement "strongly condemning" the Democratic People's Republic of Korea's nuclear and missile programs, and demanding the "complete denuclearization of the Korean Peninsula." Pyongyang has rejected such demands, citing the threat posed to the region by the US and its allies.

North Korea's Foreign Ministry lashed out at the G7 on Tuesday, calling the bloc of wealthy industrialized Western economies a Cold War relic that should keep its nose out of the affairs of other countries, and end its existence altogether.

"I resolutely reject and most strongly condemn the 'joint statement' of the G7 foreign ministers' meeting, which is peppered with groundless and unreasonable accusations seriously encroaching upon the dignity and sovereignty of the DPRK," North Korean Department of International Organizations Director-General Jo Chol Su told reporters, responding to the G7 statement put out following the bloc's foreign ministers' meeting in Tokyo on November 8.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တူရကီနိုင်ငံက မောင်းသူမဲ့မြေပြင်သွားယာဉ်ဖြင့် Kamikaze ဒရုန်းများတပ်ဆင်၍ စမ်းသပ်ပစ်လွှတ်ခဲ့



တူရကီနိုင်ငံထုတ် မောင်းသူမဲ့မြေပြင်သွားယာဉ်သည် မကြာသေးမီက တိုက်ခိုက်ရေးဒရုန်းများ (Loitering Munitions) သို့မဟုတ် Kamikaze ဒရုန်းများကို တပ်ဆင်၍ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည့် ပထမဆုံး မောင်းသူမဲ့မြေပြင်သွားယာဉ် အမျိုးအစားဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက နိုဝင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမောင်းသူမဲ့မြေပြင်သွားယာဉ်သည် တူရကီနိုင်ငံ Havelsan ကုမ္ပဏီထုတ် Barkan 2 မောင်းသူမဲ့မြေပြင်သွားယာဉ်ဖြစ်ပြီး အောက်တိုဘာ ၁၂ ရက်က ကင်းထောက်ခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် Kamikaze ဒရုန်းများ ပစ်လွှတ်ခြင်းကို သရုပ်ပြသခဲ့သည်ဟု တူရကီ ကာကွယ်ရေးကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

Loitering Munitions များကို အကွာအဝေး ၁၅ ကီလိုမီတာ၊ အမြင့်ပေ မီတာ ၃၀၀၀ ထိ ပစ်လွှတ်နိုင်ခဲ့ပြီး လေထဲတွင် မိနစ် ၄၀ ထိ ပျံသန်းနေနိုင်ခဲ့သည်ဟု သိရသည်။

မောင်းသူမဲ့မြေပြင်သွားယာဉ် အမျိုးအစားတွင် ယခုနှစ်အစောပိုင်းက ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ပစ်လွှတ်စမ်းသပ်၍ သရုပ်ပြသခဲ့ဖူးသည်။ Barkan 2 သည် ယခင်မျိုးကွဲထက် အလေးချိန်နှစ်ဆ ကီလိုဂရမ် ၉၀၀ ရှိပြီး တစ်နာရီလျှင် အမြန်နှုန်း ၁၃ ကီလိုမီတာ မောင်းနှင်နိုင်သည်။ မောင်းသူမဲ့မြေပြင်သွားယာဉ်ကို ရည်မှန်းချက်တာဝန်များ အောင်မြင်စွာထမ်းဆောင်နိုင်မှု မြင့်မားကောင်းမွန်စေရန်၊ မလိုလားအပ်သောဆုံးရှုံးမှု မဖြစ်ပေါ်စေရန်နှင့် ကုန်ကျစရိတ်လျှော့ချရန်အဝေးထိန်းချုပ်မှုဖြင့် အလိုအလျောက် လည်ပတ်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Barkan 2 မောင်းသူမဲ့ မြေပြင်သွားယာဉ်တွင် ဆုံလည်တစ်ခုတည်းသို့ ဘယ်၊ ညာ ချိတ်ဆက်ထားသော လောင်ချာတစ်စုံပါရှိသည်။ တစ်ခုမှာ လေဆာလမ်းညွှန်ထိန်းကျောင်းမှုစနစ်ဖြစ်ပြီး အခြားတစ်ခုမှာ တစ်ပြိုင်နက်တည်း အများအပြားပစ်လွှတ်နိုင်သော ဒရုန်းပစ်လွှတ်စင်တစ်ခုတို့ဖြစ်သည်။ စနစ်ပိုင်းဆိုင်ရာ ဖွဲ့စည်းပုံဒီဇိုင်းသည် ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်နှင့် ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာအပါအဝင် အမျိုးမျိုးသော Payload များကို ပေါင်းစပ်အသုံးပြုနိုင်သည်။ ၎င်းသည် ဗုံးရှင်းလင်းခြင်း၊ နေ့၊ ည ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်း၊ ဓာတု၊ ဇီဝဗေဒ၊ ဓာတ်ရောင်ခြည်သုံး သို့မဟုတ် နျူကလီးယား (CBRN) လုပ်ငန်းဆောင်တာများ၊ ဝန်သယ်ဆောင်ခြင်း၊ ဆွဲယာဉ်အဖြစ်သုံးခြင်း၊ ကယ်ဆယ်ရေးမစ်ရှင်များနှင့် 3D မြေပုံထုတ်ခြင်းစသည့် မစ်ရှင်များအတွက် စနစ်ခွဲများလည်း တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ မောင်းသူမဲ့မြေပြင်သွားယာဉ်ကို တူရကီနိုင်ငံစစ်ဘက်သို့ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ရာ တပ်ဖြန့်အသုံးပြုရန် အသင့်ဖြစ်နေပြီဟု သိရသည်။ ဤမောင်းသူမဲ့မြေပြင်သွားယာဉ်စနစ်များကို ရောနှောစစ်ဆင်ရေးစင်တာ (KSOM) သို့ ပေါင်းစည်းပေးလိုက်ခြင်းဖြင့် အသုံးပြုနေသော Loitering Munitions များကို အုပ်ဖွဲ့ပစ်လွှတ်နိုင်ရန် လုပ်ဆောင်လာနိုင်လိမ့်မည်ဟု Havelsan ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်ရေးဒိုင်ရိုက်တာ Veysel Ataoglu က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် စနစ်များနှင့်အုပ်စုစည်းများပေါ်တွင် ဆော့ဖ်ဝဲစွမ်းရည်များကို အသုံးပြုခြင်းဖြင့် ဤမောင်းသူမဲ့မြေပြင်သွားယာဉ်များကို ဉာဏ်ရည်မြင့်မားသောစက်ရုပ်များအဖြစ်သို့ပြောင်းလဲရန် ကျွန်ုပ်တို့၏ အဓိကရည်မှန်းချက်ကို လမ်းမလွှဲစေဘဲ ပြင်းပြင်းထန်ထန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဟု Havelsan ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထုတ်လုပ်ရေးဒိုင်ရိုက်တာ Veysel Ataoglu က ထည့်သွင်းပြောကြားသွားခဲ့သည်။

**Turkish Robot Vehicle Test-Fires Kamikaze Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက ထိုင်းဘုရင့်တပ်မတော်သို့ VT-4 တင့်ကားအစီး ၆၀ ကို အပြီးသတ်ပေးပို့နိုင်ခဲ့

တရုတ်နိုင်ငံ China North Industries Group Corporation (Norinco) ကုမ္ပဏီက VT-4 Main Battle Tanks (MBTs) ပင်မတိုက်ပွဲဝင်တင့်ကားအစီး ၆၀ ကို ထိုင်းဘုရင့်တပ်မတော် (RTA) သို့ အောင်မြင်စွာ အပြီးသတ်လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ဇန်ကောက်မြို့တွင် ပြုလုပ်ကျင်းပခဲ့သည့် ကာကွယ်ရေးနှင့် လုံခြုံရေးပြပွဲ ၂၀၂၃ ခုနှစ်အတွင်း တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်ဟု နိုဝင်ဘာ ၉ ရက်က ရုရှားလူမှုမီဒီယာတွင် ဖော်ပြထားချက်များအရ သိရသည်။

နောက်ဆုံးအသုတ်အနေဖြင့် ပင်မတိုက်ပွဲဝင်တင့်ကား ၁၂ စီးကို ထိုင်းနိုင်ငံအရှေ့မြောက်ဘက်ခွန်ဆောင်ရှိ အမှတ်(၆) တပ်ရင်းကြီးသို့ အောက်တိုဘာလက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း Norinco ကုမ္ပဏီ ကိုယ်စားလှယ်က အတည်ပြုပြောကြားခဲ့သည်။ ယခင်က ပေးပို့မှုတွင် ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်ရှိ အမှတ် (၂၁) တပ်ရင်းကြီးမှ VT-4 ပင်မတိုက်ပွဲဝင်တင့်ကား ငါးစီးကို စက်တင်ဘာလတွင် လက်ခံရရှိခဲ့သည်။

၂၀၂၂ ခုနှစ်ထိ ထိုင်းနိုင်ငံ၏ တင့်ကားပိုင်ဆိုင်မှုစာရင်းတွင် M60A1s ၅၃ စီး၊ M60A3s ၁၂၅ စီးနှင့် M48A5s ၁၀၅ စီး အပါအဝင် အမေရိကန်ထုတ် တင့်ကား ၂၈၃ စီးနှင့်အတူ တရုတ်ထုတ် VT-4 ၃၈ စီး ပါဝင်သည်။ ထို့ပြင် ထိုင်းကြည်းတပ်သည် ယူကရိန်းနိုင်ငံထုတ် T-84 Oplot တင့်ကား ၄၉ စီးနှင့်တရုတ်ထုတ် Type 69 တင့်ကားအစီးရေ ၅၀ ကိုလည်း ပိုင်ဆိုင်ထားသည်။

MBT-3000 ပင်မတိုက်ပွဲဝင်တင့်ကား၏ ပြည်ပတင်ပို့ရောင်းချသည့် ပို့ကုန်ဗားရှင်းအဖြစ် အသိအမှတ်ပြုထားသည့် VT-4 သည် တရုတ်နိုင်ငံ China North Industries Group Corporation (Norinco)ကုမ္ပဏီက ထုတ်လုပ်ထားပြီး ၂၀၁၂ ခုနှစ် ဇွန်လတွင် ပြင်သစ် နိုင်ငံတကာ ကာကွယ်ရေးပြပွဲ Eurosatory ၌ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

ကျည်ဆန် ၂၂ တောင့်ထိ အလိုအလျောက် ကျည်ထိုးပစ်ခတ်နိုင်သော 125mm ပြောင်းချောအမြောက် တပ်ဆင်ထားပြီး VT-4 သည် Kinetic Energy ဖောက်ကျည်များ၊ ပေါက်ကွဲစေတတ်သော Squash ခဲယမ်းများနှင့် တင့်ဖျက်ခဲယမ်းများ အပါအဝင် စုစုပေါင်းပင်မကျည် ၃၈ တောင့်ထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ တင့်ကားတွင် ၇ ဒသမ ၆၂ မီလီမီတာ Coaxial စက်သေနတ်နှင့် ၁၂ ဒသမ ၇ မီလီမီတာ အဝေးထိန်းလက်နက်စခန်းတစ်ခု တပ်ဆင်ထားပြီး မြေပြင်နှင့် ဝေဟင်ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။

ထို့ပြင် VT-4 တင့်ကားသည် 9K119 Refleks ဒုံးကျည်ကဲ့သို့သော ပဲ့ထိန်းဒုံးကျည်များကို ပစ်လွှတ်နိုင်ပြီး အကွာအဝေး ၅ ကီလိုမီတာထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။ တပ်ဖွဲ့မှူး၊ သေနတ်သမားနှင့် ယာဉ်မောင်း အမှုထမ်း သုံးဦးပါဝင်သည့် တင့်ကားတွင် အားဖြည့်ထားသော ပေါင်းစပ်သံချပ်ကာနှင့် ပိုမိုကောင်းမွန်သောကာကွယ်ရေးအတွက် ပေါက်ကွဲစေတတ်သော ဓာတ်ပြုတုံ့ပြန်သံချပ်ကာ (ERA)တို့ကိုတပ်ဆင်အသုံးပြုထားသည်။ အကာအကွယ်စွမ်းရည် အဆင့်မြှင့်တင်မှုများအတွက် နောက်ဆုံးထုတ် တင့်ကားများတွင် ERA Level FY-4 အဆင့်ထိ ကာကွယ်နိုင်စွမ်းရှိစေရန် တပ်ဆင်အသုံးပြုထားသည်။



VT-4 ပင်မတိုက်ပွဲဝင်တင့်ကားသည် အမြင့်ဆုံးအမြန်နှုန်း ၇၀ ကီလိုမီတာ/နာရီနှင့် ခရီးအကွာအဝေး ကီလိုမီတာ ၅၀၀ ထိ စစ်ဆင်နိုင်စွမ်းရှိသည်။ ရေအနက် ၄ မီတာမှ ၅ မီတာထိ၊ အကျယ် ၂ ဒသမ ၇ မီတာထိ ကတုတ်ကျင်းများ၊ ၆၀ ရာခိုင်နှုန်းထိလျှောစောက်များကို ဖြတ်ကျော်မောင်းနှင်နိုင်ပြီး အမြင့် ၁ ဒသမ ၂ မီတာထိ ဒေါင်လိုက်အတားအဆီးများကို ကျော်လွှားနိုင်သည်။

တင့်ကား၏ အဆင့်မြင့်အင်္ဂါရပ်များတွင် ဒုတိယမျိုးဆက် အအေးခံအပူငွေ့ပုံရိပ်ရှာ ချိန်ဆိုက်ပါရှိသည့် ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်၊ လေဆာအကွာအဝေးရှာကိရိယာ၊ ပစ်မှတ်ကိုကြည့်ရှုရန်အတွက် ခေါင်မိုးတွင်တပ်ဆင်ထားသော မြင်ကွင်းကျယ်ချိန်ဆိုက်၊ နျူကလီးယား၊ ဓာတု၊ ဇီဝရန်ကာကွယ်ရေး၊ ရန်သူ၊ မိတ်ဆွေခွဲခြားရေးစနစ်၊ GL5 Active Protection System ကာကွယ်ရေးစနစ်၊ မီးသတ်ဆေးဘူး၊ လေအေးပေးစက်၊ ပေါက်ကွဲမှုငြိမ်းသတ်ရေးစနစ်တို့ ပါဝင်လာသည်။ Active Protection System ကာကွယ်မှုစနစ်သည် မီးခိုးဗုံးပစ်လောင်ချာများဖြင့် လေဆာခြိမ်းခြောက်မှု သတိပေးချက်များနှင့် ချိတ်ဆက်ထားပြီး ယာဉ်မောင်းသူ၏အနေအထားသည် နောက်ပြန်မောင်းနှင်နေစဉ်အတွင်း မြင်နိုင်စွမ်းပိုကောင်းစေရန် နောက်ကြည့်ကင်မရာ တပ်ဆင်ပေးထားသည်။

**China completes delivery of 60 VT-4 tanks to Royal Thai Army ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၉၆၉ ဧက စိုက်ပျိုးသွားမည်



**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၉၆၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ဝင်ငွေတိုးတက်ရရှိစေရေး၊ လူမှုစီးပွားဘဝများ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဒေသ၏ရေမြေရာသီဥတု ထူးခြားအားသာချက်များကို စနစ်တကျအသုံးချ၍ ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းဥတုမှစတင်၍ ပြည်တွင်းလိုအပ်မှုရှိနေသည့် စားသုံးဆီကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် နေကြာသီးနှံများကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၇၆၄၀ ထိ စိုက်ပျိုးရန်လျာထားကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် နေကြာ ၈၉၆၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်းသီးနှံနေကြာကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုက်ကြီးမြို့နယ်တွင် ၂၄၁၄ ဧကဖြင့် အများဆုံး၊ လှည်းကူးမြို့နယ်တွင် ၁၅၄ ဧကဖြင့် ဒုတိယအများဆုံး၊ ကွမ်းခြံကုန်းမြို့နယ်တွင် ၁၃၄ ဧကဖြင့် တတိယအများဆုံးနှင့် အခြားမြို့နယ်များတွင်လည်း စိုက်ပျိုးသွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် စုစုပေါင်း နေကြာ ၈၉၆၉ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို မိုးကုန်ချိန်စောခြင်း၊ နောက်ကျခြင်း အပေါ်မူတည်ကာ စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။ (၁၃၆)

# ညောင်ရွှေမြို့နယ် သပြေကုန်း(အောက်)ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုံမှုကျေးရွာအုပ်စု သပြေကုန်း(အောက်) ကျေးရွာ၌ ပထမအကြိမ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူများကို တွေ့ဆုံ၍ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က သပြေကုန်း(အောက်)ကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် သိန်း ၈၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သပြေကုန်း(အောက်) ကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြံသကာချက်လုပ်ငန်း ဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ကို ငွေကျပ် သိန်း ၈၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ချောက်မြို့နယ် သုံးဆင့်-ဆူးပုတ်တန်းလမ်း၌ မြေကာနံရံတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ချောက် နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မြို့ပြနှင့်ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေရန် ရည်ရွယ်၍ သုံးဆင့်-ဆူးပုတ်တန်း လမ်း၌ မြေကာနံရံ တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များ၊ ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ သုံးဆင့်-ဆူးပုတ်တန်းလမ်း၌ မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ချောက်မြို့နယ် သုံးဆင့်-ဆူးပုတ်တန်းလမ်း၌ အရှည် ပေ ၁၇၀၊ မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာရှစ်ရွာမှ အိမ်ခြေ ၁၂၀၀ နှင့် လူဦးရေ ၄၀၀၀ တို့ သွားလာအသုံးပြုနေသော လမ်းကို ချောင်းရေတိုက်စားမှုဒဏ်မှ ကင်းဝေးပြီး ရာသီမရွေးသွားလာရ အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Chen Hai ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Chen Hai ကို လက်ခံတွေ့ဆုံစဉ်။**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်ရုံကထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးစီမံခန့်ခွဲမှုစနစ် ထူထောင်ထားရှိရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးအား စက်ရုံမှူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့်မှာယူထားသည့် ဆေးရုံသုံး ခုတင်များ၊ ဗီရိုများ၊ လူနာတင်တွန်းလှည်းများ ထုတ်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံကထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကိုသတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ထူထောင်ထားရှိရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးအတွက် စက်ပစ္စည်းကိရိယာများကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်သည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်နှင့် စက်ပစ္စည်းကိရိယာများကိုလည်း အမြဲမပြတ်စစ်ဆေးပြုပြင်ရန်၊ စက်ရုံအနေဖြင့် ပြည်ပသွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းများနှင့် စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူစုဆောင်းထားရန်၊ ဈေးကွက်ကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာရန်နှင့် ဈေးကွက်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဈေးကွက်အတွင်း တောင်းဆိုမှုများပြားသည့် ထုတ်ကုန်ပစ္စည်းများ အမြန်ဆုံးထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ ဈေးကွက်ဝင်ထုတ်ကုန်အမည်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ထုတ်ကုန်ပစ္စည်းများကို အချိန်မီပေးပို့နိုင်ရေး စီမံဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်ထုတ်လုပ်မှုဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများကို တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများ(PPE) ပြည့်စုံစွာဝတ်ဆင်အသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့နည်းသက်သာစေရေးအတွက် အသုံးစရိတ်များကို ခြိုးခြံချွေတာရန်၊ စက်ရုံကထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်သူအများသိရှိအောင် ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံမှထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားမှု၊ ကျန်းမာရေးဝန်ကြီးဌာနက မှာယူထားသည့် ဆေးရုံသုံး ခုတင်၊ ဗီရို၊ ဆေးတင်စင်၊ လူနာတင်တွန်းလှည်း၊ စတီးချိုင့်အမျိုးမျိုး၊ ဇွန်းနှင့်ခက်ရင်းများ ထုတ်လုပ်နေသည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းရောင်း)သို့ ရောက်ရှိပြီး ထုတ်လုပ်ပြီး သွေးကြောသွင်းဆေးရည်များ ထားရှိသိုလှောင်နိုင်ရေးအတွက် Steel Structure Warehouse တည်ဆောက်နေမှုနှင့် သွေးကြောသွင်းဆေးရည်များထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်သူများလိုအပ်လျက်ရှိသည့်သွေးကြောသွင်းဆေးရည်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံအား ပြည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ



**နေပြည်တော် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် အခြေခံစားသောက်ကုန်အရောင်းဆိုင်များ လှည့်လည်ဖွင့်လှစ်၍ ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ရက် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် အောင်မြေသာစံမြို့နယ်ရှိ ညောင်ပင်ဈေး၊ ချမ်းအေးသာစံမြို့နယ်ရှိ ဝါခင်းကုန်းဈေး၊ မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ္မဈေးအနီး၊ ချမ်းမြသာစည်မြို့နယ်ရှိ မြို့ဟောင်းဈေးတို့တွင် ပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည်ယနေ့နံနက်ပိုင်းက ညောင်ပင်ဈေး အနီးနှင့်မနော်ရမ္မဈေးအနီးတို့တွင် အခြေခံစားသောက်ကုန် အရောင်းဆိုင်များဖွင့်လှစ် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်**

ကယားပြည်နယ်၏ ပညာရေးကဏ္ဍတွင် အရေးပါဆုံးနေရာဖြစ်သည့် လွိုင်ကော်တက္ကသိုလ်ကို နိုဝင်ဘာ ၁၃ ရက်နှင့် နိုဝင်ဘာ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ယင်းတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ် ဆောင်ခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ပညာရေးဆိုင်ရာအဆောက်အအုံများနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား ထိခိုက်စေသည့်အတွက် အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**















**မန္တလေးမြို့နှင့်ပြင်ဦးလွင်မြို့တို့၌ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏မိသားစုဝင်များအားလုံးကို ထောက်ခံပွဲကျင်းပစဉ်။**

☆ **ကျောဖုံးမှအဆက်**

PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပပြုလုပ်သည်။

ဦးစွာ မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား ၂၀၀၀ ကျော်သည် စုရပ်နေရာဖြစ်သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောက်တော်ကြီးဘုရားရှေ့ ၆၆ လမ်းပေါ်တွင် စုစည်း၍ ၎င်းမှတစ်ဆင့် နန်းမြို့ ကျုံးဘေး ၁၂ လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် ၇၃ လမ်းအတိုင်း၎င်းမှတစ်ဆင့် မန္တလေးတောင်ခြေရှိ ရွှေမန်းတောင်လှူငယ်အားကစားလေ့ကျင့်ရေးစခန်းကွင်းအတွင်းသို့ ချီတက်၍ လမ်းတစ်လျှောက် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး တပ်မတော်သားများကို ထောက်ခံအားပေးသည့် ကြွေးကြော်သံများဟစ်ကြွေး၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့နောက် ရွှေမန်းတောင်လှူငယ်အားကစားလေ့ကျင့်ရေးစခန်းကွင်းအတွင်း အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာထောက်ခံပွဲကို ဖွင့်လှစ်ခဲ့ပြီး အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက ရှင်းလင်းဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

၎င်းနောက် "နယ်မြေတည်ငြိမ်အေးချမ်းရေး (ဒို့အရေး-ဒို့အရေး)၊ တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား (ဆန့်ကျင်ကြ-ဆန့်ကျင်ကြ)၊ NCA ကို ဆန့်ကျင်ပြီး အကြမ်းဖက် အဖျက်အမှောင့်လုပ်ဆောင်နေသည့်အဖွဲ့အစည်းများအား (ဆန့်ကျင်ကြ-ဆန့်ကျင်ကြ)၊ အကြမ်းဖက်အစွန်းရောက်လုပ်ရပ်များ (အလိုမရှိ)၊ အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ(အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက်လုပ်ရပ်မှန်သမျှ (ဆန့်ကျင်ကြ)၊ တပ်နှင့်ပြည်သူ အတူတူသွေးခွဲလာသူ (ဒို့ရန်သူ-ဒို့ရန်သူ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ(ဆန့်ကျင်ကြ)၊နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုး ဒေါ်လာစားပြည်ဖျက်လောက်ကောင်များအား (ဆန့်ကျင်ကြ)၊တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (အောင်ရမည်-အောင်ရမည်)၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား (ထောက်ခံပါသည်-ထောက်ခံပါသည်)၊ အမျိုး၊ဘာသာ၊သာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား အပြည့်အဝ (ထောက်ခံပါသည်-ထောက်ခံပါသည်)ဟူသော ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုတင်ပြလိုက်ပါသည်-



"ရှေ့တန်းရောက်တပ်မတော်သားတွေနဲ့အတူ တစ်သားတည်းရှိနေပါတယ်ဆိုတာ ပြောချင်ပါတယ်။ ကိုယ်ကိုယ်တိုင်လက်နက်ကိုင်ခွင့်မရလို့သာ နောက်တန်းမှာဒီလိုမျိုးထောက်ခံပြီးမှ အားပေးနေရခြင်းဖြစ်ပါတယ်။ လက်နက်ကိုင်ခွင့်သာရခဲ့မယ်ဆိုရင် သူတို့နဲ့အတူ တိုက်ပွဲဝင်မှာပါ"



"မြန်မာ့တပ်မတော်ကြီးကို ချစ်မြတ်နိုးပါတယ်။ မြန်မာ့တပ်မတော်သားများနဲ့ အတူရပ်တည်နေမှာပါ။ အသက်၊ ခန္ဓာတွေ၊ သွေးတွေပေးဆပ်ထားတဲ့ မြန်မာ့တပ်မတော်ကြီးကို အမြဲတမ်းထောက်ခံအားပေးပြီး မြန်မာ့တပ်မတော်သားတွေကို လက်နက်မရှိဘဲနဲ့ ရင်ဘတ်နဲ့ အသည်းနှလုံးတို့နဲ့ အကာအကွယ်ပေးသွားမယ်ဆိုတာကို သစ္စာပြုပါတယ်ရှင်"



"တပ်မတော်သားတွေက ကျွန်တော်တို့အတွက် အသက်ကို ပေးပြီးတော့ ကျွန်တော်တို့ပြည်သူလူထုတွေကို ကာကွယ်စောင့်ရှောက်ပေးနေပါတယ်။ တိုင်းပြည်ရဲ့ အဓိကမဏ္ဍိုင်ကြီးဖြစ်တဲ့ မိသားစုနိုင်ငံတော်ကြီးမပြိုကွဲဖို့အတွက် ရှေ့တန်းကနေရှုပ်ရှုပ်ချွံချွံနဲ့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လုပ်ဆောင်ပေးနေတဲ့အချိန်မှာ ကျွန်တော်တို့က နှလုံးသားနဲ့ အသံနဲ့ ပေးနေရခြင်းဖြစ်ပါတယ်"

"ရှေ့တန်းရောက် တပ်မတော်သားတွေနဲ့ အတူတူရှိပါတယ်။ လိုအပ်ရင် တိုက်ဖို့အသင့်ပါ"




အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူဦးရေ ၁၅၀၀ ခန့်သည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းတွင်လည်းကောင်း၊ မိတ္ထီလာမြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူ ၁၄၈၅ ဦးခန့်သည် မိတ္ထီလာမြို့ ခရိုင်အားကစားကွင်းတွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူဦးရေ ၈၅၀ ခန့်သည် မကွေးမြို့ ခရိုင်အားကစားကွင်းတွင်လည်းကောင်း တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့်တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို အသီးသီး ကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး ကြီးကြပ်ရေးမှူး ဗိုလ်ချုပ်ဇော်ဟိန်းထံ စေတနာရှင် အလှူရှင်တစ်ဦးက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက် ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့် ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ် လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၂၇ ဦးက လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၅၁၄၈၂၅၃၈၀၀ နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း(ဇော်ဘွားကြီးကုန်း)၌ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက် အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း (ဇော်ဘွားကြီးကုန်း)၌ ငါးမွေးမြူရေးကန်များတွင် ငါးတန်၊ ငါးမုတ်၊ မြက်စားငါးကြင်းများ မွေးမြူထားရှိမှု၊ နီဗိုဂျင်ဘရောင်း မိဘမျိုးဥစားကြက်များ မွေးမြူထားရှိမှု၊ တစ်သျှူးငှက်ပျောပင်များ စိုက်ပျိုးထားရှိမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု၊ တည်းကုန်းရပ်ကွက်ရှိ အမှတ်(၃) စိုက်ပျိုးမွေးမြူရေးစခန်း(တည်းကုန်း)၌ အဆင့်မြင့် အသားတိုးဝက်နှင့် အဆင့်မြင့်မျိုးဝက်မများ မွေးမြူထားရှိမှု၊ ကာကီကင်း ဥစားဘဲများ မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အီဂျစ်အာရပ်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၁၉၈၉ ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ France Institut Internationaled' Administration Publique မှ နိုင်ငံတကာဆက်ဆံရေးဒီပလိုမာကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပရှိ အီဂျစ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ် အထိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာဌာနတွင် ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဥပဒေဌာနတွင် သံမှူးအဖြစ်လည်း ကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတကာညီလာခံများဌာနတွင် ဒုတိယ လက်ထောက်အဖြစ်လည်းကောင်း အသီးသီးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ပြည်ပ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံ အီဂျစ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ် အထိ ကူဝိတ်နိုင်ငံရှိ အီဂျစ်သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆားဘီးယားနိုင်ငံရှိ အီဂျစ်သံရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မောရစ်ရှပ်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်မှစတင်၍ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဌာနတွင် ဥရောပသမဂ္ဂဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

၂၂ ရှေ့ဖုံးမှအဆက်

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများကြောင့် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန်ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ၊ လုပ်ငန်း ၃၂၇ ခုအနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလသက်တမ်း နှစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ်အတိုးများအား ပေးဆပ်ပြီးဖြစ်ရပါမည်၊

(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ်အတိုးများကို ကာလပြည့်မီက ပေးဆပ်ပြီးဖြစ်ရပါမည်၊

(ဂ) ချေးငွေကို ရည်ရွယ်ချက်အတိုင်း ထိရောက်အောင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ လုပ်ငန်းဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်က ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအရင်း၊ အတိုးပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေ ပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သတင်းတု၊ သတင်းမှားများကိုချင့်ချိန်ယုံစေချင်"** ခေါင်းစဉ်ဖြင့် ၁၅-၁၁-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတော်ကို အမုန်းတကယ်ချစ်မြတ်နိုးသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာကြား မိုင်တိုင်အမှတ် ၈၅/၁-၂ကြား တံတားအမှတ်(၁၁၆/A)အနီးရှိ ရထားလမ်းကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ထပ်မံကျူးလွန်၊ ရထားလမ်းနှင့် တံတားပျက်စီးမှုဖြစ်ပွား




ဒိုက်ဦး-ပြွန်တန်ဆာဘူတာကြားတံတားအမှတ်(၁၁၆-A)အား မိုင်းထောင်ဖောက်ခွဲရန် တပ်ဆင်ထားသောယမ်းကြိုး၊ ဆက်စပ်ပစ္စည်းများနှင့် ယမ်းများထည့်သွင်းထားသည့် ပလတ်စတစ်ပုံး ခုနစ်ပုံးတွေ့ရှိရမှုမှတ်တမ်းဓာတ်ပုံ။



ဒိုက်ဦး-ပြွန်တန်ဆာဘူတာကြားတံတားအမှတ်(၁၁၆-A)အား ဖောက်ခွဲဖျက်ဆီး၍မိုင်းထောင်ထားမှုမှတ်တမ်းဓာတ်ပုံ။



ဒိုက်ဦး-ပြွန်တန်ဆာဘူတာကြားတံတားအမှတ်(၁၁၆-A)အပေါ် ရထားသံလမ်းနှစ်ခုကြား၌မိုင်းထောင်ထားရှိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရန်ကုန် - မန္တလေးရထားလမ်းမကြီး၏ ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင်၈၅/၁-၂ရှိတံတားအမှတ်(၁၁၆/A) အနီး ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် အကြမ်းဖက်များက ရထားလမ်းကို မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတား အစွန်ကွန်ကရစ်ခုံ သုံးပေပတ်လည်ခန့်ပျက်စီးခဲ့ပြီး စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ တံတားပေါ်သံလမ်းနှစ်ခုကြား ပလတ်စတစ်ကော်ပုံးနှင့် ထည့်ထားသည့် လက်လုပ်မိုင်း သုံးလုံးနှင့် တံတားအောက်တွင် လက်လုပ်မိုင်းလေး လုံးကို တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်တို့ကအချိန်နှင့် တစ်ပြေးညီနယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများက ပျက်စီးသွားသော ရထားလမ်းအား ပြန်လည်မွမ်းမံပြုပြင်ခြင်း တို့ကိုဆောင်ရွက်ခဲ့ပြီး ရထားသွားလာမှုကို ထိခိုက်မှုမရှိသော အစုန်လမ်းမှဆက်လက် စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့်၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှစ၍ ယခုအချိန်အထိမြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင်ရထားလမ်းနှင့်ရထား ဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲတွေ့ ရှိခြင်း ၁၂၈ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာ အဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ ကိုမီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ်ကျူးလွန် ခဲ့ကြကြောင်း မှတ်တမ်းများအရသိ ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများ ပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေ ရေးအတွက် ရထားလမ်းအခြေခံအဆောက် အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့် တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက် ပေးလျက်ရှိသော်လည်း အကြမ်းဖက် သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊တွဲများနှင့်ခရီးသည်များ၊ ကုန်စည်များထိခိုက်ပျက်စီးစေရေး၊ ပြည်သူ များအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်း မြေ့စေရေးရထားဖြင့်ခရီးသွားလာမှု မပြု ရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့် တင်ရေးစီမံကိန်းလုပ်ငန်းများ အချိန်ပိုမို ကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက် စက်သောရည်ရွယ်ချက်များဖြင့် အကြိမ် ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ် မာပက်စက်မှုများအပေါ် ဒေသခံပြည်သူ တစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့် ကွက်ရှုတ်ချလျက်ရှိကြောင်း မြန်မာ့မီးရထား မှသတင်းရရှိသည်။



ဒိုက်ဦး-ပြွန်တန်ဆာဘူတာကြား မိုင်းထောင်ဖောက်ခွဲထားရှုမှုကြောင့် တံတားအမှတ် (၁၁၆-A) Wing Wall ကွန်ကရစ်ခုံထိခိုက်ပျက်စီးနေမှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကို အကြောက်တရားများ ဖြစ်ပေါ် စေပြီး အစိုးရယန္တရားများပျက်ပြား စေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန် ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ် စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကိုထပ်ဆင့်မျှဝေခြင်း၊ အား ပေးကူညီခြင်းများပြုလုပ်ခဲ့လျှင်အကြမ်းဖက် မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇ သတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင် သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက် ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း နိုဝင်ဘာ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း များပြုမူလုပ်ဆောင်ခဲ့သည့် "AungKyaw San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ် တက္ကသိုလ်ရပ်ကွက်နေ အောင်ဆန်း မော်နှင့် "Ye KoKoKyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့ နယ် ဟေမမာလာမြောက်ရပ်ကွက်နေ ရဲကိုကိုကျော်(ခ)အရှရတ်တို့ကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aye Myint Thu" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ အေးမြင့်သူ(ခ) အေးမြင့်ဝူကို ညနေ ၅ နာရီတွင်လည်း ကောင်း၊ "Win Maw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ဝမ်ကောင်း ရပ်ကွက်နေ ဝင်းမော်ကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Dhar Du MahayThi" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အမှတ်(၂)ရပ်ကွက် နေ ယွန်းမဟေသီ(ခ)ယွန်းယွန်းကို ည ၆ နာရီ ၄၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့ ၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်း တို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူ ပုဂ္ဂိုလ်များသည်နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရား များပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အား ပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့် အညီထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများ ကိုဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ နှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စု များက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အီတလီနိုင်ငံ စစ္စလီကျွန်းရှိ အက်တနာမီးတောင် ပေါက်ကွဲမှုဖြစ်ပွား



**ရောမ နိုဝင်ဘာ ၁၄**

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ ကမ္ဘာ့လှုပ်ရှားမှုအရှိဆုံး မီးတောင်တစ်ခုဖြစ်သော အက်တနာမီးတောင်သည် နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းမှစတင်၍ ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးပြာနှင့် ချော်ရည်များကို ကောင်းကင်ထက်သို့ မှုတ်ထုတ်လျက်ရှိကြောင်း အီတလီနိုင်ငံ ဘူမိရူပဗေဒနှင့် မီးတောင်ဆိုင်ရာအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အက်တနာမီးတောင်သည် အောက်တိုဘာလ အစောပိုင်းမှစ၍ မီးတောင်ပေါက်ကွဲမည့် လက္ခဏာများ ပြသလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ရက်အနည်းငယ်မှစ၍ မီးတောင်လှုပ်ရှားမှု တိုးလာပြီး မပေါက်ကွဲမီအချိန်ထိ မီးတောင်မှ အသံများအဆက်မပြတ်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

အီတလီနိုင်ငံ ဘူမိရူပဗေဒနှင့် မီးတောင်ဆိုင်ရာအဖွဲ့အစည်း၏ ထုတ်ပြန်ချက်များအရ အက်တနာမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးခိုးပြာများသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၄၇၀၀ ကျော်ထိ မြင့်တက်ခဲ့ကြောင်း ခန့်မှန်းထားပြီး စစ္စလီကျွန်းပေါ်ရှိ ကာတာနီးယားမြို့ ကောင်းကင်တွင် မီးခိုးပြာများ ပျံ့လွင့်လျက်ရှိကာ မီးတောင်မှာ ဆက်လက်ပေါက်ကွဲလျက်ရှိသော်လည်း သက်ဆိုင်ရာအာဏာပိုင်များက ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေး အမိန့်များ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

အက်တနာမီးတောင်သည် ကာတာနီးယားမြို့အနီးတွင် တည်ရှိပြီး အီတလီနိုင်ငံရှိ မီးတောင်သုံးလုံးအနက် လှုပ်ရှားမှုအရှိဆုံးနှင့် အကြီးဆုံးမီးတောင်တစ်ခုဖြစ်သကဲ့သို့ ဥရောပတွင်လည်း အကြီးဆုံး မီးတောင်တစ်ခုဖြစ်ကြောင်း အီတလီနိုင်ငံ ဘူမိရူပဗေဒနှင့် မီးတောင်ဆိုင်ရာ အဖွဲ့အစည်းက ထုတ်ပြန်သော သတင်းများအရ သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဗြိတိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အတွင်းရေးမှူး ထရီဇာကော့ဖေး ရာထူးမှနုတ်ထွက်

**လန်ဒန် နိုဝင်ဘာ ၁၄**

ဗြိတိန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် အရေးပါသည့်တာဝန်များကို ထမ်းဆောင်ပေးနေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတွင်းရေးမှူး ထရီဇာကော့ဖေးသည် နိုဝင်ဘာ ၁၃ ရက်က ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဆူနက်က အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထရီဇာကော့ဖေးသည် ဗြိတိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အားတက်သရော ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သကဲ့သို့ ဗြိတိန်နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ အလုပ်သမားရေးရာဝန်ကြီးဌာနတွင်လည်းကောင်း၊ ဝန်ကြီးချုပ်လစ်ထရက်လက်ထက်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

"ထရီဇာကော့ဖေးကို အစိုးရအဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း နိုင်ငံရဲ့ ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးတဲ့နေရာမှာ အစိုးရအဖွဲ့အတွက် အများကြီးအထောက်အကူ ဖြစ်စေခဲ့သလို စားသောက်ကုန် ထုတ်လုပ်ရေးကာကွယ်မှုအပိုင်းမှာလဲ အစိုးရအဖွဲ့အတွက် အများကြီးစွမ်းဆောင်ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်"ဟု ဗြိတိန်ဝန်ကြီးချုပ် ဆူနက်က ပြောကြားခဲ့သည်။

အစိုးရအဖွဲ့တွင် ကာလရှည်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အနားယူသင့်သည့် အခြေအနေဖြစ်သဖြင့် အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ထရီဇာကော့ဖေးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

နုတ်ထွက်သွားခဲ့သည့် ထရီဇာကော့ဖေးနေရာတွင် ကျန်းမာရေးဝန်ကြီးဌာန၌ အတွင်းရေးမှူးတာဝန်ထမ်းဆောင်နေသော စတီဖင်ဘာကလေဖြင့် အစားထိုးလိုက်သည်ဟုလည်း ဗြိတိန်ဝန်ကြီးချုပ် ဆူနက်က တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်းအမြင့်ဆုံးသော မြို့ ၁၀ မြို့စာရင်းတွင် အိန္ဒိယနိုင်ငံမှ နယူးဒေလီမြို့အပါအဝင် မြို့သုံးမြို့ထိပါဝင်လာ

**ဘန်း နိုဝင်ဘာ ၁၄**

ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်းအမြင့်ဆုံးသော မြို့ ၁၀ မြို့ စာရင်းတွင် အိန္ဒိယနိုင်ငံမှ နယူးဒေလီမြို့အပါအဝင် မြို့သုံးမြို့ထိ ပါဝင်လာကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် လေထုအရည်အသွေးညွှန်းကိန်းတိုင်းတာရေးအဖွဲ့အစည်းဖြစ်သည့် IQAir အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နယူးဒေလီမြို့သည် နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်း အမြင့်ဆုံးသော မြို့ ၁၀ မြို့စာရင်းတွင် ပုံမှန်ပါဝင်နေသည့် မြို့ဖြစ်ပြီး ဒီပါဝလီပွဲတော်အတွင်း လေထုညစ်ညမ်းမှုမြင့်တက်ခဲ့သည့်အတွက်ကြောင့် မွမ်ဘိုင်းမြို့နှင့် ကိုလ်းကတ္တားမြို့တို့သည်လည်း ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်ဆုံးမြို့များစာရင်းတွင် ပါဝင်လာခြင်းဖြစ်ကြောင်း သိရသည်။

IQAir အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည့်စာရင်းတွင် နယူးဒေလီမြို့က လေထုညစ်ညမ်းမှုညွှန်းကိန်းပမာဏ AQI ၄၀၇ ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပြီး မွမ်ဘိုင်းမြို့သည် AQI ၁၅၇ ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေကာ ကိုးလ်ကတ္တားမြို့သည် AQI ၁၅၄ ဖြင့် အဆင့်(၇) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ လေထုညစ်ညမ်းမှုညွှန်းကိန်းပမာဏ AQI ၄၀၀ မှ ၅၀၀ ကြားသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ပြီး အန္တရာယ်ရှိသည့်ပမာဏဖြစ်ကြောင်း၊ AQI ၁၅၀ မှ ၂၀၀ ကြားသည် ရင်ကျပ်ရောဂါဖြစ်စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် အဆုတ်ရောဂါဝေဒနာ အခံရှိသူများအတွက် သတိပြုသင့်သည့် ပမာဏဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့်ပမာဏသည် AQI သုညမှ ၅၀ ကြားဖြစ်သဖြင့် အိန္ဒိယနိုင်ငံ၏ မြို့သုံးမြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း IQAir အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဝေလနိုင်ငံတွင် ဒီဘီမုန်တိုင်းကြောင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ကာဒစ် နိုဝင်ဘာ ၁၄**

ဝေလနိုင်ငံတွင် ဒီဘီဟုအမည်ပေးထားသော မုန်တိုင်းဝင်ရောက်တိုက်ခတ်နေပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်နေသဖြင့် ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းက ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့် ဒေသများမှာ ပမ်ဘရောက်ရှိုင်းယားဒေသ၊ စီရီဒီဂီယွန်ဒေသ၊ ကာမာသန်ရှိုင်းယားဒေသတို့ဖြစ်ပြီး ရေဘေးအန္တရာယ်အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်းလည်း ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဒီဘီမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းနေသလို လေတိုက်နှုန်းတွေလဲမြင့်တက်နေပါတယ်။ မိုးရွာသွန်းမှုနှုန်းနဲ့ လေတိုက်နှုန်း ပေါင်းစပ်မှုကြောင့် ဒေသခံတွေအတွက် စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ကုန်းနိမ့်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ပမ်ဘရောက်ရှိုင်းယားဒေသအနီးမှာရှိတဲ့ မြစ်ချောင်းတွေ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေပါတယ်။ ယာယီပိတ်ထားတဲ့ လမ်းတံတားတွေကို လုံးဝအသုံးမပြုကြဖို့လဲ ဒေသခံတွေကို အထူးသတိပေးအပ်ပါတယ်"ဟု ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ဒီဘီမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၇၀ မှ ၈၀ ကြားထိမြင့်တက်နေပြီး ကုန်းတွင်းပိုင်းတွင် တစ်နာရီ မိုင် ၆၀ မှ ၆၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း၊ မြစ်ရေလျှံတက်မှုဖြစ်ပွားနေခြင်းကြောင့် ကလက်ဒိုတံတားကို ယာယီပိတ်ထားပြီး ရေကြီးရေလျှံမှုစတင်ဖြစ်ပွားနေသည့် လမ်းတချို့ကိုလည်း ယာယီပိတ်ထားကြောင်း ဝေလအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ရေကြီးခြင်းဖြစ်ပေါ် နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



# တန်ဆောင်တိုင်ပွဲတော်ကာလ ရုံးပိတ်ရက်များတွင် နယ်ဝေးအထူးရထားများပြေးဆွဲမည်



**နေပြည်တော် နိုဝင်ဘာ ၁၄**

တန်ဆောင်တိုင်ပွဲတော်ကာလ ရုံးပိတ်ရက်များတွင် နယ်ဝေးအထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် လိုအပ်သောရထားလမ်းခရီးစဉ်များနှင့် လိုအပ်သောအချိန်ကာလများတွင် ပုံမှန်ရထားပြေးဆွဲမှု ခရီးစဉ်များအပြင် အထူးရထားများကို ပြေးဆွဲပေးလျက်ရှိကြောင်း၊ တန်ဆောင်တိုင်ပွဲတော်ကာလ ရုံးပိတ်ရက်များတွင်လည်း နယ်ဝေးအထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြေးဆွဲပေးရာတွင် နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်၊ မော်လမြိုင်-ရန်ကုန်၊ ရန်ကုန်-ပြည်၊ ပြည်-ရန်ကုန် စသည့်နယ်ဝေးခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနယ်ဝေးခရီးစဉ်များကို တန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်ဝေးခရီးစဉ်များ ပြေးဆွဲပေးရာတွင် နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်-ရန်ကုန် အစုန် အထူးလေအိတ်ရထားခရီးစဉ်၊ ရန်ကုန်-မော်လမြိုင်အဆန် အထူးလေအိတ်ရထားခရီးစဉ်၊ ရန်ကုန်-ပြည်အဆန် အထူးလေအိတ်ရထားခရီးစဉ်နှင့် မော်လမြိုင်-ရန်ကုန်အစုန် အထူးAARရထားခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက်တွင် မော်လမြိုင်-ရန်ကုန် အစုန်အထူးလေအိတ်ရထားခရီးစဉ်၊ ရန်ကုန်-ပြည်အဆန် အထူးလေအိတ်ရထားခရီးစဉ်၊ ပြည်-ရန်ကုန်အစုန် အထူးလေအိတ်ရထားခရီးစဉ်၊ ရန်ကုန်-မော်လမြိုင်အဆန် အထူး AAR ရထားခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်-ပြည်အဆန် အထူးလေအိတ်ရထားခရီးစဉ်၊ ပြည်-ရန်ကုန်အစုန် အထူးလေအိတ်ရထားခရီးစဉ်၊ ရန်ကုန်-မော်လမြိုင်အဆန် အထူး AAR ရထားခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်-နေပြည်တော်အဆန် အထူးလေအိတ်ရထားခရီးစဉ်၊ မော်လမြိုင်-ရန်ကုန်အစုန် အထူးလေအိတ်ရထားခရီးစဉ်၊ ရန်ကုန်-ပြည်အဆန် အထူးလေအိတ် ရထားခရီးစဉ်၊ ပြည်-ရန်ကုန်အစုန် အထူးလေအိတ်ရထားခရီးစဉ်နှင့် ရန်ကုန်-မော်လမြိုင်အဆန် အထူး AAR ရထားခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# တောင်တွင်းကြီးမြို့နယ် ကြခတ်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကြခတ်ကန်ကျေးရွာအုပ်စု ကြခတ်ကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၃ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြခတ်ကန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြခတ်ကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၃၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကြခတ်ကန်ကျေးရွာရှိ အိမ်ခြေ ၃၄၀၊ လူ ၁၄၆၀ ဦး၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များအတွက် လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၆၀ |
| 95 Ron | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၉၉ |
| 95 Ron | ၂၁၄၂ | ၂၂၁၈ |
| HSD (500 ppm) | ၂၀၃၈ | ၂၁၀၈ |
| HSD (50 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (10 ppm) | ၂၁၄၁ | ၂၂၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆားပွင့်ပမာ

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

တိုးအောင်နှင့် စုသန္တာတို့မောင်နှမနှစ်ယောက် ညစာစားနေကြသည်။ ထမင်းဝိုင်းဘေးတွင် အိမ်ဖော် အဒေါ်ကြီး ဒေါ်သိန်းက ယပ်ခတ်ပေးနေသည်။ တိုးအောင်တို့မောင်နှမနှစ်ယောက် ကြိုက်နှစ်သက်သောဟင်းများကို ဒေါ်သိန်းက အရသာကောင်းမွန်အောင် စေတနာဖြင့် ချက်ပေးထားသော်လည်း ကလေးနှစ်ယောက်ထမင်းစားနေပုံက တို့ကနန်း ဆိတ်ကနန်းဖြစ်နေသည်။

"အစ်ကိုကြီးရယ် ညီမလေးတို့လဲ မိသားစုစုံလင်တဲ့ထမင်းဝိုင်းလေးကို ဘယ်တော့များမှ စားခွင့်ရပါ့မလဲနော်"

ညီမလေး စုသန္တာ၏စကားကို ကြားလိုက်ရတော့ ပါးစပ်ထဲထည့်သွင်းလိုက်သည့် ထမင်းလုတ်က နင်မလိုဖြစ်သွားသည်။ ရင်ထဲလည်း ဆို့နင့်သွားရသည်။ တိုးအောင်ငိုချင်သလိုဖြစ်သွားသော်လည်း ညီမလေးစိတ်ပိုထိခိုက်မည်စိုးသောကြောင့် ငိုချင်စိတ်ကို ထိန်းချုပ်ထားလိုက်ရသည်။

"တစ်နေ့စားခွင့်ရမှာပေါ့ ညီမလေးရယ်။ အဖေနဲ့ အမေကလဲ အစ်ကိုကြီးတို့နဲ့အတူရှိနေကြတာပဲလေ။ သူတို့အလုပ်တွေများနေကြလို့ မိသားစုစုံစုံလင်လင် ထမင်းစားခွင့်မရကြတာပါ။ ဘာပဲဖြစ်ဖြစ် ညီမလေးဘေးမှာ အစ်ကိုကြီးရှိနေတာပဲလေနော်။ ထမင်းတွေ၊ ဟင်းတွေ ဝအောင်စား ညီမလေး။ ထမင်းစားပြီးရင် အစ်ကိုကြီးတို့ အိမ်စာတွေအတူတူလုပ်ကြမယ်နော်။ ညီမလေးအိပ်ရာဝင်ရင်လဲ အစ်ကိုကြီး ပုံပြင်တွေပြောပြမယ်လေနော်"

တိုးအောင်က စုသန္တာထမင်းပန်းကန်ထဲ ပုစွန်တုပ်ကွေးကြီးတစ်ကောင် ထည့်ပေးလိုက်သည်။ သူလည်း ညီမလေးစိတ်ချမ်းသာအောင် ထမင်းကို အားရပါးရ စားပြလိုက်ရသည်။ နောက်ဆို တိုးအောင်အနေအထိုင်ဆင်ခြင်ရမည်။ ညီမလေးရှေ့တွင် အဖေ၊ အမေတို့နှင့်ပတ်သက်ပြီး ငူငူငိုင်ငိုင်တွေးနေ၍မဖြစ်။ ညီမလေးပါ စိတ်မပျော်ရွှင်ဖြစ်မည်စိုးရသည်။ ဒေါ်သိန်းမှာလည်း ကလေးနှစ်ယောက်၏စကားသံကြောင့် မျက်ရည်ကျရသည်။ သို့သော်လည်း ကလေးနှစ်ယောက်မြင်သွားမည်စိုး၍ ဘေးစင်နားသွားပြီး လက်ဆေးသလိုလိုနှင့် မျက်ရည်သုတ်လိုက်ရသည်။

"ဟူး"

ဤအိမ်ကြီး၏ အိမ်ရှင်များဖြစ်သော ဦးအောင်ခိုင်နှင့် ဒေါ်ထိပ်ထားခင်တို့အစား သူတို့ကလေးများအနာဂတ်အတွက် ဒေါ်သိန်း ရင်လေးနေမိသည်။

(၂)

"တီ တီ တီ"

ကားဟွမ်းသံကြောင့် ဦးဘခက်ငိုက်နေရာမှ လန့်နိုးသွားသည်။

"တီ တီ တီ"

ဒုတိယအကြိမ် ကားဟွမ်းသံကြားမှ သတိကပ်သွားပြီး အိမ်ရှေ့ခြံတံခါးကြီးဆီသို့ ဦးဘခက် အသက်အရွယ်နှင့်မလိုက်အောင် ဒရောသောပါးပြေးသွားမိသည်။ ခြံတံခါးကြီးကို ဆွဲဖွင့်ပေးလိုက်တော့ သူဌေးကတော်စီးသော အဖြူရောင်လင်ခရူဆာကားကြီးသည် တိုက်ရှေ့ ပေါ်တီခုံအောက်သို့ တရကြမ်းမောင်းဝင်သွားသည်။

"ဦးဘခက် အလုပ်ကိုသေချာလုပ်နော်။ ညခြောက်ကျော်ရင်လဲ သတိ၊ ဝီရိယမလစ်ဟင်းစေနဲ့၊ အလုပ်ကို စေတနာထားလုပ်မှပေါ့ အခုမှ အစောကြီးရှိသေးတယ်"

သူဌေးကတော် ဒေါ်ထိပ်ထားခင်က ခြံလုပ်သားလည်းဖြစ်၊ ညစောင့်လည်းဖြစ်သော ဦးဘခက်ကို ခြံတံခါးလာဖွင့်ပေးတာ နောက်ကျသောကြောင့် မြည်တွန်တောက်တီးနေခြင်းဖြစ်သည်။ ဖဲရှုံးလာတာလည်း ပါမည်ထင်သည်။ ည ၁၁ နာရီအချိန်သည် အစောကြီးရှိသေးသည်ဆိုတော့ ဦးဘခက်စိတ်ထဲ အံ့ဩမိသည်။ ဘယ်အချိန်ကျမှ သူတို့စိတ်ထဲမစောတာပါလိမ့်။ ဦးဘခက်အဖို့ ကားအဖြူကြီးဝင်ပြီးရင် နောက်ထပ် ကားအမည်းကြီးတစ်စီးလာတာကိုလည်း စောင့်ပေးရန် တာဝန်ကျန်ပါသေးသည်။

"ဒေါ်သိန်းရေ ဒေါ်သိန်း အိပ်နေတာလား"

ဒေါ်ထိပ်ထားခင် အော်ခေါ်သံကြောင့် ဒေါ်သိန်း အိပ်မှုန်စုံမွှားဖြင့် သူနေသည့်အခန်းလေးထဲမှ ပြေးထွက်လာသည်။

"မအိပ်သေးပါဘူးမမလေး။ ကျွန်မ အင်္ကျီချုပ်ရိုးပြတာလေးတွေချုပ်နေလို့ပါ"

တစ်နေကုန် အိမ်သန့်ရှင်းရေး၊ ချက်ပြုတ်၊ လျှော်ဖွပ်အလုပ်များကြောင့် ပင်ပန်းပြီး မှေးခနဲအိပ်ပျော်သွားသော်လည်း ဒေါ်ထိပ်ထားခင်ကိုကြောက်၍ ညာလိုက်ရသည်။ ဒေါ်ထိပ်ထားခင်က ဒေါ်သိန်းထက် အသက်ငယ်သော်လည်း မမလေးဟုသာခေါ်ရန် ပြောထားသည်။

"ခေါင်းတွေကိုက်နေလို့ ကျွန်မအတွက် သံပရာရည်ချဉ်ချဉ်လေးတစ်ခွက်သွားဖျော်ချေ"

ဒေါ်ထိပ်ထားခင်လေသံက မာသလို၊ မျက်နှာကြောကလည်း တင်းလှသည်။

"မိုးလင်းမိုးချုပ် ဖဲဝိုင်းထိုင်တာ ခေါင်းကိုက်တာ တောင်နည်းသေး"

ဒေါ်သိန်းစိတ်ထဲ မဲ့ကာရွဲ့ကာပြောနေမိသော်လည်း သည်ည သူ့အတွက် အလုပ်တစ်ခုပိုလာပြီဆိုသည်ကို သိလိုက်ရသည်။ ဒေါ်ထိပ်ထားခင်ကို ဇက်ကြောဆွဲပေးရမည်ထင်သည်။

"ဒေါ်သိန်း ကျွန်မကိုဇက်ကြောဆွဲပေးစမ်း"

သူ့အတွက်ဖျော်လာသော သံပရာရည်ဖန်ခွက်ပင် စားပွဲပေါ်မရောက်သေး။ ဒေါ်ထိပ်ထားခင်၏အထက်စီးလေးသံဖြင့်ခိုင်းသောအသံက ထွက်ပေါ်လာသည်။ အထက်စီးဆန်သောလေသံကြောင့် စိတ်ထဲအောင့်မိသော်လည်း ဒေါ်သိန်းမငြင်းဝံ့ပါ။ ကိုယ့်အလုပ်ရှင်မို့ ကြောက်ရသည်။ ဒေါ်ထိပ်ထားခင်၏ ဖြူဝင်းနေသောကုပ်သားပြင်ပေါ်တွင် ဒေါ်သိန်းလက်ကလေး ပြေးလွှားနေသည်။ ဒေါ်ထိပ်ထားခင်ကတော့ ဖဲဝိုင်းတွင် တစ်နေကုန်ညောင်းညာနေခဲ့သမျှ မျက်လုံးလေးမှိတ်ပြီး ဇိမ်ယူနေသည်။

"အောင်မာ အလုပ်အကိုင်မရှိ တစ်နေကုန်ဖဲရိုက်ပြီးတော့ ဇက်ကြောတွေတက်နေတာပေါ့လေ"

ဒေါ်ထိပ်ထားခင် မျက်လုံးကိုဖြည်းညင်းစွာဖွင့်လိုက်သည်။ သူ့ကိုခါးထောက်ကြည့်နေသော သူ၏ခင်ပွန်း ဦးအောင်ခိုင်။

"ရှင်ကရော ဘယ်သွားအလေလိုက်နေလို့ ဒီအချိန်ကြီးမှပြန်လာတာတုံး"

ဒေါ်ထိပ်ထားခင်စကားကြောင့် ဦးအောင်ခိုင်မျက်နှာပျက်သွားသည်။

"ဟေ့ မင်း ငါ့ကို အရှိအသေတန်တဲ့စကားတွေလာမပြောနဲ့ကွ"

"အရှိအသေတန်ချင်ရင် အရှိအသေတန်ခံရအောင်နေလေ။ ရှင့်အကြောင်း ကျွန်မနောကျေနေပြီ။ ကုမ္ပဏီကနေ ရုံးဆင်းရင် အိမ်တန်းပြန်မလာဘဲ KTV သွားမယ်၊ ကောင်မကလေးတွေနဲ့ကဲမယ်။ ဒါမှမဟုတ် ရုံးကအတွင်းရေးမှူးကောင်မကလေးနဲ့ လျှောက်သွားမယ်။ ဒါ ရှင်အလေလိုက်တာမဟုတ်တော့ ဘာလုပ်တာတုံး"

ဩော်. . . လင်မယားနှစ်ယောက် မျက်နှာချင်းမဆိုင်ရသေးဘူး စကားများနေလိုက်ကြတာ။ ကလေးတွေအိပ်ပြီလားဆိုတာတောင် သူတို့နှုတ်ဖျားက မေးဖို့သတိမရကြပါ့လား။ အဝတ်အစားအကောင်းစား၊ အသုံးအဆောင်အကောင်းစား၊ အစားအသောက်အကောင်းစား၊ ကျောင်းအကောင်းစားတွေထားပေး၊ ဖြည့်ဆည်းပေးရုံနဲ့ မိဘတာဝန်ကျေပွန်ပြီလို့ ယူဆနေကြလေရော့သလား။ ကလေးတွေက မိဘနှစ်ပါးရဲ့ နွေးထွေးတဲ့မေတ္တာတရား၊ ကြင်နာတဲ့ဂရုစိုက်မှု၊ သူတို့လေးတွေနဲ့ အချိန်ပေးနေထိုင်ဖို့၊ သူတို့စကားလေးတွေနားထောင်ပေးဖို့ စတဲ့အရာတွေ လိုအပ်နေတယ်ဆိုတာ ဂရုမပြုမိရော့လေသလား။ ဘယ်လို မိဘတွေပါလိမ့်။ တိုက်အောက်ထပ်တွင် ဒေါ်သိန်း တစ်ယောက်တည်း အတွေးများနှင့်ကျန်ရစ်ခဲ့လေသည်။

(၃)

နေ့ခင်းထမင်းစားချိန်နားတော့ တိုးအောင်တို့မောင်နှမနှစ်ယောက် ကျောင်းရှေ့က ဇာဒ်ပင်ကြီးအောက်က ခုံတန်းလေးပေါ်တွင် ထမင်းစားနေကြသည်။ တိုးအောင်က ခြောက်တန်း၊ စုသန္တာက လေးတန်းဖြစ်သည်။ မိဘကိုယ်တိုင် သူတို့သားသမီးများကို ဂရုတစိုက်ထမင်းလာကျွေးနေသည်ကို မြင်တွေ့ရတိုင်း တိုးအောင်ရင်ထဲ ဝမ်းနည်းရသည်။ သူတို့မောင်နှမနှစ်ယောက်မှာတော့ မိဘကိုယ်တိုင်လာကျွေးကြဖို့နေနေသာသာ နံနက်ခင်းအိပ်ရာနိုးကတည်းက မိဘနှစ်ပါးမျက်နှာမမြင်ခဲ့ကြရပါ။ အဖေက သူလက်သုံးစကားဖြစ်သော "ကုမ္ပဏီမှာ ဒီနေ့အစည်းအဝေးရှိတယ်"ဆိုပြီး နံနက် ၇ နာရီခန့်ကတည်းက နံနက်စာစားပြီးထွက်သွားသည်။ အမေကလည်း "ဒီနေ့ဝိုင်းကနောက်ကျလို့မရဘူး"ဆိုပြီး အဖေနှင့်ရှေ့ဆင့်နောက်ဆင့် အိမ်ကထွက်သွားသည်။ တိုးအောင်တို့မောင်နှမမှာတော့ ဒေါ်သိန်းပြင်ဆင်ပေးထားသည့် ထမင်းခြင်းကိုဆွဲ၍ အဖေခန့်ထားသော ဒရိုင်ဘာ ဦးသောင်း မောင်းသော ကားပေါ်တက်၍ ကျောင်းရောက်ခဲ့ကြရသည်။ တကယ်တော့ အဖေနှင့်အမေသည် သူတို့မောင်နှမနှစ်ယောက်နှင့် တစ်အိမ်တည်းရှိနေသော်လည်း ဟိုးအဝေးကြီးကိုရောက်နေသလိုမျိုး တိုးအောင်ရင်ထဲခံစားရသည်။ အဖေနှင့်အမေအကြောင်းတွေးလိုက်တိုင်း တိုးအောင်ရင်ထဲနာကျင်ရသည်။

"အစ်ကိုကြီး ဘာတွေတွေးနေတာလဲ။ ထမင်းစားမယ်လေ"

ညီမလေးအသံကြားမှ အဖေနှင့်အမေအကြောင်းအတွေးရပ်သွားသည်။

"အေးအေးညီမလေး အစ်ကိုကြီး တွက်လက်စသင်္ချာတစ်ပုဒ်အကြောင်းတွေးမိသွားလို့"

ညီမလေးကို တိုးအောင်လိမ်လိုက်ရသည်။ ဒေါ်သိန်းထုပ်ပေးသော ထမင်းချိုင့်လေးကို တိုးအောင်သေသေချာချာဖွင့်၍ လက်သုတ်ပဝါလေးခင်းပြီး နေရာချလိုက်သည်။ ထမင်းနှင့်ဟင်းကို ဇွန်းဖြင့်သေသေချာချာနယ်ဖတ်၍ ညီမလေးကိုအရင်ခွံ့ကျွေးလိုက်သည်။

"အစ်ကိုကြီးအရင်စားလေ။ ညီမလေးငရဲကြီးမှာပေါ့"

"မကြီးပါဘူး ညီမလေးရယ်။ အစ်ကိုကြီး ခွင့်လွှတ်ပြီးသားပါဗျာ"

"တကယ်နော်"

"တကယ်ပေါ့ညီမလေးရဲ့"

တိုးအောင်က ခွင့်လွှတ်ပြီးသားဆိုမှ တိုးအောင်ခွံ့ကျွေးသောထမင်းကိုစားရှာသည်။ ဩော်. . . မိဘများ၏ဆိုဆုံးမမှုမရှိသော်လည်း တိုးအောင်၏ အိပ်ရာဝင်ပုံပြင်လေးကြောင့် ယဉ်ကျေးလိမ္မာသော ညီမလေးကိုကြည့်ပြီး တိုးအောင်ရင်ထဲ ကရုဏာပိုရသည်။ မိဘ၏နွေးထွေးသည့်မေတ္တာ၊ ကြင်နာသည့်ဂရုစိုက်မှုများ မရရှိခဲ့သော ညီမလေးကို တိုးအောင်သနားမိသည်။ ဩော်. . . ညီမလေးအကြောင်းတွေးနေရသော်လည်း တိုးအောင်လည်း ညီမလေးကဲ့သို့ မိဘမေတ္တာငတ်မွတ်နေသူပါလေ။ ညီမလေးဗိုက်ပြည့်ပြီဆိုမှ တိုးအောင် ထမင်းကို ခပ်သုတ်သုတ်စားလိုက်တော့သည်။

(၄)

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် အဖေ့ကို အရဲစွန့်ပြီး တိုးအောင်ပူဆာမိသည်။

"အဖေ သားတို့မောင်နှမနှစ်ယောက်ကို တိရစ္ဆာန်ရုံလိုက်ပို့ပေးပါလားဟင်"

"အဖေမအားဘူးသား။ မင်းတို့အမေနဲ့သွားလိုက်"

အဖေမလိုက်နိုင်လည်းကိစ္စမရှိ၊ အမေလိုက်လျှင်လည်း ကျေနပ်သည်။ အမေ့ကိုပြောကြည့်သည်။

စာမျက်နှာ ၂၅သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၁၇၂ ဧကစိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၁၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၉၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၁၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ မိုးနှမ်း ၂၈၉၂၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၂၈၁၇၂ ဧက စိုက်ပျိုးပြီးပါပြီ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တောင်သူများ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄မှအဆက်

"အမေ သားတို့တိရစ္ဆာန်ရုံပျော်ပွဲစားထွက်ချင်တယ်"

"နင်တို့က ပျော်ပွဲစားထွက်ချင်တယ်ဆိုတော့ နင်တို့ကို မပျော်အောင် ဘယ်သူကလုပ်နေလို့လဲ။ လိုလေသေးမရှိအောင် ထားပေးနေတာကိုတောင် မပျော်ရင်လဲ မတတ်နိုင်ဘူးဟေ။ သွားချင်လွန်းသပဆိုလဲ ကားမောင်းတဲ့ ကိုသောင်းနဲ့သွားကြ။ ငါတော့လိုက်မပို့အားဘူး။ ဒီနေ့ပွဲက အရေးကြီးတယ်"

အမေ့စကားကိုကြားရတော့ တိုးအောင် ရင်နင့်သွားရသည်။ ငိုချင်သော်လည်း မျက်ရည်ကထွက်မလာ။ တိုးအောင် တိရစ္ဆာန်ရုံကိုသွားချင်သည်မှာ အကောင်ကြီးများကိုကြည့်ချင်သည်ထက် အဖေ၊ အမေတို့နှင့် အတူသွားချင်သည်က ပိုများသည်။ မိသားစု ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနှင့် ပျော်ပျော်ရွှင်ရွှင်သွားချင်တာပါ။ သည်လိုသွားရရင် ညီမလေးလည်း ပျော်မှာသေချာသည်။ ယခုတော့ အမေ့စကားကြောင့် မျှော်လင့်ချက်တောင်ကြီးပြိုလဲခဲ့ရပြီ။ နောက်ထပ်လည်း တိုးအောင် မိဘနှစ်ပါးစလုံးထံမှ မတောင်းဆိုဖြစ်တော့ပါ။ သည်တစ်သက် ဘယ်တော့မှမရနိုင်တော့ဘူးဆိုသည်ကို သိရှိခဲ့ရပါပြီ။

(၇)

နွေမိုးဆောင်းရာသီတွေအလီလီပြောင်းလဲလာသော်လည်း ဦးအောင်ခိုင်နှင့် ဒေါ်ထိပ်ထားခင်တို့ သားသမီးများအပေါ်ထားသော စိတ်သဘောထားကမပြောင်းလဲခဲ့ပါ။ တိုးအောင်နှင့်စုသန္တာတို့လည်း လူပျိုဖားဖား၊ အပျိုဖားဖားအရွယ်ပင်ရောက်ခဲ့ကြပြီ။ စုသန္တာက ၁၀ တန်း၊ တိုးအောင်က တက္ကသိုလ်ပထမနှစ်၊ တကယ်က ဒုတိယနှစ်ရောက်ရမည်ဖြစ်သော်လည်း ၁၀ တန်းတစ်နှစ်ကျခဲ့သည်။ မိဘများ၏ ဂရုတစိုက်ထိန်းသိမ်းမှုမရှိခဲ့သည်ကတစ်ကြောင်း၊ မိဘများ၏မေတ္တာအကြင်နာကို မရရှိခဲ့သည်ကတစ်ကြောင်း၊ တိုးအောင်သည် ရည်းစားတစ်ယောက်ပြီး တစ်ယောက်တွဲခဲ့သည်။ ငွေသုံးလည်းကြမ်းသည်။ အဆိုးဆုံးကတော့ ဘိန်းဖြူဆွဲခဲ့လေပြီ။ စုသန္တာလည်း တိုးအောင်နှင့်မခြားနားပါ။ မိဘဆီက သူလိုချင်သောမေတ္တာတရားကို ကောင်ကလေးများဆီကရမည်ထင်၍ တွဲခဲ့သော်လည်း ကောင်ကလေးများက သူ့ဆီကသာ သူတို့လိုချင်သည်ကို ယူသွားကြသည်။ သူ့ထက်အသက်အရွယ်ကြီးသည့် အစ်ကိုကြီးများနှင့် ရည်းစားထားခဲ့သော်လည်း ရှေ့မှာ သူနှင့်တွဲခဲ့သော ကောင်ကလေးများနှင့် မထူးခြားပါ။ စုသန္တာရည်းစားပွေတယ်ဆိုသောနာမည်ဆိုးကြီးသာရခဲ့ပြီး စောင့်စည်းထိန်းသိမ်းအပ်သောအပျိုစင်ဘဝလေးလည်း ပျက်စီးခဲ့ရပါသည်။

(၆)

တစ်နေ့ တိုးအောင်တစ်ယောက် မူးယစ်ဆေးဝါးသုံးစွဲနေတုန်း ရဲအဖမ်းခံလိုက်ရသည်။ ထောင်ငါးနှစ်ကျသွားသည်။ စုသန္တာလည်း ရည်းစားတစ်ယောက်ပြီးတစ်ယောက် ရှုပ်ပွေခဲ့သောဆိုးကျိုးကြောင့် ၁၀ တန်းစာမေးပွဲကျသည့်အပြင် AIDS ရောဂါဝေဒနာဆိုးကြီးကိုပါ ခံစားခဲ့ရပြီ။ သိရှိချိန်မှာတော့ ရောဂါပိုးကအတော်ပြန့်နေပြီ။ ဦးအောင်ခိုင်နှင့် ဒေါ်ထိပ်ထားခင်မှာ သူတို့၏လွဲမှားနေသောအတွေးအခေါ်၊ အပြုအမူများကြောင့် သားသမီးများဒုက္ခရောက်ချိန်၊ ဘဝပျက်ချိန်ရောက်မှ သူတို့အမှားကို နောင်တရခဲ့သော်လည်း ပြန်ပြုပြင်ခွင့်မရရှိတော့ပါ။ နောင်တဆိုတာ အမှည့်လွန်နေသည့်သစ်သီးတစ်လုံးလို သုံးစားမရတော့ကြောင်း ဦးအောင်ခိုင်နှင့် ဒေါ်ထိပ်ထားခင်တို့ သိခဲ့ရလေပြီ။

(၇)

"ဒေါ်သိန်း ကြက်သားဟင်းက ဘာမှအရသာမရှိပါလား"

ဦးအောင်ခိုင် ကြက်သားဟင်းစားပြီး မျက်နှာရှုံ့မဲ့သွားသည်။ ဟင်းချက်ရာတွင် လက်ဆိပ်ရှိသောဒေါ်သိန်းတစ်ယောက် ဘယ်လိုဖြစ်ပါလိမ့်ဆိုသောအတွေးဖြင့် ဒေါ်ထိပ်ထားခင်လည်း ကြက်သားတစ်ဖက်ကို ဇွန်းခက်ရင်းဖြင့်စိုက်၍ စားကြည့်လိုက်သည်။

"ဟုတ်ပါရဲ့ ဒေါ်သိန်းရယ်။ အရသာမပေါ်ဘဲ ပေါ့ရွှတ်နေတာပဲ"

"တောင်းပန်ပါတယ်မမလေးရယ်။ ကြက်သားဟင်းက ဟင်းခတ်အမွှေးအကြိုင်အစုံပါပါတယ်။ ဒါပေမဲ့ ကျွန်မဆားထည့်ဖို့မေ့သွားတာပါ။ ကျွန်မဆားထည့်ပေးပါ့မယ်ရှင်"

ကြက်သားဟင်းနှင့်ဆက်စပ်၍ ဦးအောင်ခိုင်ခေါင်းထဲ အတွေးတချို့ ပြေးလွှားနေလေသည်။ ထိုအတွေးများကိုလည်း ဒေါ်ထိပ်ထားခင်ကို ပြောပြနေမိသည်။

"ထားရေ တကယ်တော့ ကိုတို့နှစ်ယောက် သားနဲ့သမီးအပေါ်မှာ ထားခဲ့တဲ့သဘောထားတွေဟာ ဟောဒီဆားမပါတဲ့ကြက်သားဟင်းနဲ့ နှိုင်းယှဉ်လိုက်မှ အမှားကြီးမှားခဲ့ရတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်းမြင်ခဲ့ရပြီ။ ကိုတို့နှစ်ယောက်ဟာ သားနဲ့သမီးအပေါ်မှာ ရုပ်ဝတ္ထုပိုင်းတွေကိုပဲ ဖြည့်ဆည်းပေးမိခဲ့ကြတယ်။ ရုပ်ဝတ္ထုတွေ လုံလောက်အောင်ဖြည့်ဆည်းပေးနိုင်ရင် မိဘတွေရဲ့တာဝန်၊ ဝတ္တရားတွေပြည့်စုံပြီလို့ ယူဆခဲ့ကြတယ်။ အဲဒါဟာ လုံးဝမှားယွင်းတဲ့အယူအဆပါပဲထားရယ်"

ဦးအောင်ခိုင်ပြောသောစကားများကို ဒေါ်ထိပ်ထားခင်တစ်ယောက် နောင်တတရားများနှင့် နားထောင်နေရလေပြီ။

"တကယ်တော့ သားနဲ့သမီးဟာ မိဘတွေရဲ့ကြင်နာတဲ့ဂရုစိုက်မှု၊ နွေးထွေးတဲ့ချစ်ခြင်းမေတ္တာတွေ လိုအပ်နေခဲ့ကြတာပါ။ ဘယ်လောက်ပဲ ရုပ်ဝတ္ထုတွေကိုပြည့်စုံအောင်ဖြည့်ဆည်းပေးနေပါစေ သားနဲ့သမီးရဲ့ စိတ်ပိုင်းဆိုင်ရာမှာတော့ ဒဏ်ရာတွေနဲ့ပြည့်နေကြတာပါ"

"ဘယ်လောက်ပဲ ဟင်းခတ်အမွှေးအကြိုင်တွေပြည့်စုံနေပါစေ။ ဆားပွင့်လေးတွေမပါခဲ့ဘူးဆိုရင် အရသာပေါ့ပျက်နေတဲ့ဟင်းတစ်ခွက်ပဲဖြစ်သွားမှာပါ။ ဒီလိုပဲ သားနဲ့သမီးမှာ ဟင်းခတ်အမွှေးအကြိုင်နဲ့တူတဲ့ ရုပ်ဝတ္ထုတွေ ဘယ်လောက်ပဲပြည့်စုံနေခဲ့ပါစေ ဆားပွင့်လေးတွေနဲ့တူတဲ့ ချစ်ခြင်းမေတ္တာ၊ ကြင်နာမှု၊ ဂရုစိုက်မှုတွေမရရှိခဲ့ကြလေတော့ သူတို့ရင်ထဲမှာ ဆားမပါတဲ့ကြက်သားဟင်းကိုစားနေကြရသလို အရသာမရှိပေါ့ရွှတ်ရွှတ်ကြီးဖြစ်နေခဲ့ကြတာပေါ့ကွာ။ အခုတော့ သားနဲ့သမီးတို့ဘဝဟာ လောင်းရိပ်မိတဲ့သစ်ပင်လေးတွေလို ညှိုးနွမ်းခြောက်သွေ့ပြီး မြေခခဲ့ရရှာပြီ ထားရယ်"

ဦးအောင်ခိုင်စကားဆုံးတော့ ဒေါ်ထိပ်ထားခင်တစ်ယောက် သားနှင့်သမီးအတွက် ယူကျုံးမရဖြစ်ပြီး ဝမ်းနည်းကြေကွဲစွာ နောင်တကြီးစွာ ငိုကြွေးနေရလေပြီ။ မိဘနှစ်ပါး၏ လွဲမှားသည့်အတွေးအခေါ်၊ အပြုအမူတွေကြောင့် နွေးထွေးပျော်ရွှင်ဖွယ်ကောင်းပြီး မိသားစုစုံလင်သောထမင်းဝိုင်းလေးလည်း သည်ဘဝ သည်တစ်သက်ရရှိနိုင်မည်မဟုတ်တော့ပါ။ မိသားစုထမင်းဝိုင်းလေး ပျောက်ကွယ်ခဲ့ရရှာလေပြီ။

---

## မေတ္တာစိတ် ရင်မှာတွယ် ကြင်နာမယ် ရာသက်လုံး

\- စေတနာ အမြစ်အရင်း<br>
ချစ်ခြင်းနှင့် ယုယခင်၊<br>
ပြောပြုကြံ တွေးသမျှက<br>
ဖွေးလွှစေချင်၊<br>
သူ့ကျေးဇူး ကိုယ်ကမြင်<br>
ချိုမြအစဉ် နေ့ရက်တိုင်း၊<br>
မုသားရှောင် သက်ထက်ဆုံးကွယ်<br>
ရွှင်ပြုံးရင်လှိုင်း။

\- နှုတ်ထွက်ရာ ဘယ်မရိုင်းလို့<br>
သမိုင်းကောင်း ရှိအောင်နေ၊<br>
ကိုယ့်ရှိတာ မနှေးစတမ်း<br>
ပေးကမ်းနိုင်စေ၊<br>
ဆူကြံ့နိမ့်မြင့် အထွေထွေ<br>
ဝေငှလေ စွမ်းသမျှ၊<br>
ကိုယ့်ဝန်းကျင် မြတ်ကောင်းကျိုးကို<br>
သယ်ပိုးစေကြ။

\- မုဒိတာ ရွှင်ပျပျ<br>
အစဉ်လှပ သစ္စာနွယ်၊<br>
လူမှုန်ရင် ကိုယ့်တန်ဖိုးကို<br>
တိုးအောင်ကြံရွယ်၊<br>
"မေတ္တာစိတ် ရင်မှာတွယ်<br>
ကြင်နာမယ် ရာသက်လုံး"၊<br>
ဓမ္မနှောင် ကိန်းမှန်းမှ<br>
အလှအရောင် စိမ်းလန်းလို့<br>
ငြိမ်းချမ်းရွှင်ပြုံး။ ။

**ခေတ်သစ်(ကြွေပုဂံ)**

---

## မိုင်းခတ်မြို့နယ် ဟလိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းခတ် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ခုတ်ကျေးရွာအုပ်စု ဟလိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေး၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ဟလိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို တန်ဖိုးထားရန်၊ အကျိုးရှိစွာ အသုံးပြုရန်နှင့် လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မိုင်းခတ်မြို့နယ် ဟလိုင်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေနှင့်အမြင့် ကိုးလက်မရှိ သဲဖြုန်းအမျိုးအစား၊ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၂ သန်းဖြင့် Royal Aung Myat ကုမ္ပဏီက ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက ပြောပြ၍ သိရသည်။

**အေးသူ**

# လယ်ယာမြေနှင့် အမွေခွဲဝေပေးခွင့်အာဏာ

စိန်လှိုင်ဖိုလ်



အမှုတစ်ခုကိုစွဲဆိုရာတွင် အမှုမှတရားလိုများနှင့် တရားပြိုင်များသည် မောင်နှမအရင်းတော်စပ်ကြကြောင်း၊ ဖခင်နှင့် မိခင်မှာ ကွယ်လွန်ခဲ့ကြပြီးဖြစ်ကြောင်း အဘိုး၊ အဘွားများဖြစ်ကြသော ဦးရှိန်-ဒေါ်သန်းရှင် အမည်ပေါက် ကော့မှူးမြို့နယ် လက်ခိုက်ကွင်း၊ ကွင်းအမှတ်(၂၉၇)၊ ဦးပိုင်အမှတ် (၃၀/၁)၊ ဧရိယာ ၁၅ ဒသမ ၃ ဧကရှိလယ်မြေများကို တရားလို၊ တရားပြိုင်များ၏ ဖခင် ဦးတင်ရီက ဆက်လက်လုပ်ကိုင်ခဲ့ကြောင်း၊ မိဘများ ကွယ်လွန်ပြီးနောက် တရားပြိုင်(၁) ဦးစန်းဝင်းက လုပ်ကိုင်နေကြောင်း၊ အညီအမျှခွဲဝေလုပ်ကိုင်ရန် ၂၀၀၀ ပြည့်နှစ် ဇွန် ၂၂ ရက်တွင် တရားလို၊ တရားပြိုင်တို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့သော်လည်းခွဲဝေပေးခဲ့ခြင်းမရှိကြောင်း၊ မိဘများကျန်ရှိသည့် လယ်မြေ ၁၅ ဒသမ ၃ ဧက၏ ငါးပုံသုံးပုံကို တရားပြိုင်များကခွဲဝေပေးစေသည့်အမှုစွဲဆိုခဲ့ပါသည်။

ကော့မှူးမြို့နယ်တရားရုံး ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃ တွင် ဒေါ်အုန်းသိန်းပါ သုံးဦးက ဦးစန်းဝင်းပါ နှစ်ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့သောအမှုကို မူလမြို့နယ်တရားရုံးက ငြင်းချက် (၄)ရပ်ထုတ်နုတ်ပြီး ပဏာမငြင်းချက်ဖြစ်သော ငြင်းချက်အမှတ်(၃)ဖြစ်သည့် **"ယခုအမှု တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလားဆိုသည့် ငြင်းချက်ကို မမှန်ကန်ကြောင်း"**ဖြေဆိုအမိန့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်အပေါ် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်းကောင်း ပြင်ဆင်မှုများ အသီးသီး တင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။

ဦးစန်းဝင်းပါ နှစ်ဦးတို့က အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၉ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ(အထူး)အမှတ်-၅၂၀ တွင် လျှောက်ထားရာ "လယ်ယာမြေများကိုသာ အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသောအမှုတွင် အဆိုလွှာ၌ အချင်းဖြစ်လယ်ယာမြေများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိထားကြောင်း ဖော်ပြထားခြင်းမရှိပါဘဲလျက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဆိုသော တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်ကို အတည်ပြုသောပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်သည် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု ရှိ၊ မရှိ"ဟူသော ပြဿနာအပေါ် ကြားနာဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းရှိ၊ မရှိဆိုသည်ကို အဆိုလွှာ၌ အဆိုပြုသောအကြောင်းခြင်းရာများကို စိစစ်ရမည်ဖြစ်ကြောင်း တစ်နည်းဆိုသော် ထိုအကြောင်းခြင်းရာများ ထင်ရှားခဲ့လျှင် တရားလိုသည် အမှုနိုင်ခြေ ရှိ၊ မရှိသာလျှင် စိစစ်ရန်ဖြစ်ကြောင်း၊ **ရမ်ကူဘေးပန်ဒစ်နှင့်ဦးရိုကာ့ ခေါ် ဦးလှမြင့်ပါ ၅ အမှု ၂၀၁၅ ခုနှစ်၊ မ.တ.စ စာ-၁၇၄ ကို ရည်ညွှန်းခဲ့ပါသည်။**

တရားလို၏ အဆိုလွှာအပိုဒ်(၂)တွင် "တရားလိုများနှင့် တရားပြိုင်များသည် အဘိုး၊ အဘွားများဖြစ်ကြသော ဦးရှိန်-ဒေါ်သန်းရှင် အမည်ပေါက်လက်ခိုက်ကွင်း၊ ကွင်းအမှတ် (၂၉၇)၊ ဦးပိုင်အမှတ် (၃၀/၁) ဧရိယာ ၁၅ ဒသမ ၃ ဧက ကျန်ရှိခဲ့ပါသည်။ ၎င်းကျန်ရှိသည့် လယ်မြေများကို တရားလို တရားပြိုင်များ၏ ဖခင် ဦးတင်ရီက ဆက်လက်လုပ်ကိုင်ခဲ့ပါသည်"ဟု ဖော်ပြပါရှိပြီး တောင်းဆိုသော သက်သာခွင့်အဖြစ် တရားလိုများစွဲဆိုထားသည့် မိဘများကျန်ရှိခဲ့သည့် လယ်မြေ ၁၅ ဒသမ ၃ ဧက၏ ရထိုက်သည့် ငါးပုံသုံးပုံကို တရားပြိုင်များကခွဲဝေပေးစေသည့် အမိန့်တစ်ရပ်ကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးပါရန်ဟု အဆိုပြုတောင်းဆိုထားရာ **တရားလို၏ အဆိုလွှာအရ လယ်မြေ ၁၅ ဒသမ ၃ ဧက တစ်မျိုးတည်းကိုသာ အမွေပစ္စည်းအဖြစ်ဖော်ပြပြီး စွဲဆိုခြင်းဖြစ်ကြောင်း** အထူးအယူခံခုံရုံးက ဦးစွာဖော်ထုတ်စိစစ်ခဲ့ပါသည်။

တရားလို၏ အဆိုလွှာအပိုဒ်(၁)တွင် ဖခင်ဖြစ်သူ ဦးတင်ရီမှာ ၁၉၃၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်တွင် ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်ထွေးရီမှာ ၁၃၅၉ ခုနှစ် နတ်တော်လဆန်း ၆ ရက်တွင် ကွယ်လွန်ခဲ့ကြပါသည်ဟု ဖော်ပြထားသည်။ အမွေရှင်များသည် ၁၉၇၄ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တို့တွင် ကွယ်လွန်ခဲ့ကြခြင်းဖြစ်သည်။ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုသည် အမွေရခွင့်အပေါ်အခြေခံ၍ စွဲဆိုသောအမှုမျိုးဖြစ်ရာ အမွေရှင် ကွယ်လွန်သောနေ့သည် အမွေမှုစွဲဆိုရန်အကြောင်း ပေါ်ပေါက်သောနေ့ဖြစ်သည်။ **မဖွားရှင်နှင့် ဦးဘိုးဆင် အမှု အေအိုင်အာရ် ၁၉၃၇ ရန် ရန်ကုန်စီရင်ထုံး စာ-၃၂၄ ကို ရည်ညွှန်းခဲ့ပါသည်။**

မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်းဥပဒေတွင် ပုဂ္ဂိုလ်တစ်ဦးကွယ်လွန်ပါက ၎င်း၏အမွေပစ္စည်းကို အမွေခံအစီအစဉ်အရ မည်သူမည်ဝါတို့သည် အမွေခံအမွေစားဖြစ်ရမည်။ ၎င်းတို့၏ အမွေဝေစုသည် မည်ရွေ့မည်မျှဖြစ်ရမည် စသည်ဖြင့် အတိအကျသတ်မှတ်ပြီးဖြစ်သည်။ **ဦးအောင်စင်နှင့် ဒေါ်ရင်လှပါ ၆ အမှု ၁၉၆၆ ခုနှစ်၊ မတစ စာ-၈၁ အမှုကို** ရည်ညွှန်း၍ အမွေရှင် ကွယ်လွန်သည့်အချိန် ကျန်ရှိသော အမွေပစ္စည်းများကို အမွေစားအမွေခံများက အမွေဆက်ခံခွင့်ရခြင်းဖြစ်ကြောင်း ရုံးတော်က သုံးသပ်ခဲ့ပါသည်။

အမှုတွင် အမွေရှင်များကွယ်လွန်ချိန်တွင် အဆိုလွှာပါ လယ်မြေ ၁၅ ဒသမ ၃ ဧက ကျန်ရှိခဲ့သည်ဆိုပါကလည်း **၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပြဋ္ဌာန်းချက်အရ အဆိုပါ လယ်မြေများကို တရားရုံးက အမွေခွဲဝေပေးရန် အခွင့်အာဏာမရှိကြောင်း၊** ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းသော ဥပဒေဖြစ်သည့် လယ်ယာမြေဥပဒေပုဒ်မ-၉ တွင် လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားရာ အပိုဒ်(ဂ)တွင် **"လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်"**ဟု ပြဋ္ဌာန်းထားသည်ကို ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အဆိုပါလယ်ယာမြေဥပဒေပုဒ်မ-၉(ဂ) ပြဋ္ဌာန်းချက်အရ အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ဥပဒေနှင့်အညီ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်သော အခွင့်အရေးသည် ၎င်းဥပဒေပုဒ်မ(၉)အရ **လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူများသာ ရရှိသော အခွင့်အရေးဖြစ်ကြောင်း၊ ဒေါ်စင်ဆွေမြင့်နှင့် ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေပါ ၃ အမှု ၁၉၉၆ ခုနှစ် မတစ စာ-၈၁** ကို အထူးအယူခံခုံရုံးက ရည်ညွှန်းကိုးကားခဲ့ပါသည်။

အဆိုလွှာတွင် အမွေပစ္စည်းအဖြစ်ဖော်ပြပြီး ခွဲဝေပေးရန် တောင်းဆိုသည့် လယ်မြေများသည် တရားလို တရားပြိုင်တို့၏ အဘိုး၊ အဘွားများဖြစ်ကြသော ဦးရှိန်-ဒေါ်သန်းရှင် အမည်သော်လည်းကောင်း၊ မိဘများဖြစ်ကြသည့် ဦးတင်ရီ-ဒေါ်ထွေးတင် အမည်သော်လည်းကောင်း၊ တရားလိုများ အမည်ဖြင့်သော်လည်းကောင်း **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိထားသည်ဟု ဖော်ပြထားခြင်းမရှိရာ အမွေပစ္စည်းအဖြစ် အဆိုပြုစွဲဆိုသော လယ်ယာမြေများသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထွက်ရှိထားခြင်းမရှိဟုသာ ကောက်ယူရမည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ယခုအမှုမှ တရားလိုများသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ-၉ ပြဋ္ဌာန်းချက်အရလည်း တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်သော အခွင့်အရေးရရှိသူများ မဟုတ်သည်မှာ အဆိုလွှာအရ အထင်အရှားပေါ်ပေါက်နေကြောင်း၊ တရားလိုများ အဆိုပြုသည့်အတိုင်း ဘိုးဘွားမိဘများ ကွယ်လွန်ချိန်တွင် လယ်ယာမြေများ ကျန်ရှိခဲ့ကြောင်း ထင်ရှားပေါ်ပေါက်နေမည်ဆိုလျှင်ပင် တရားရုံးက အဆုံးအဖြတ်ပေး စီမံခန့်ခွဲနိုင်မည်မဟုတ်သောကြောင့် တရားလိုများသည် ၎င်းတို့တောင်းဆိုသော သက်သာခွင့်ကို ရနိုင်မည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အဆိုလွှာနှင့် တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်းဥပဒေ-၁ (င)အရ အဆိုပြုရန် လိုအပ်သည့် အကြောင်းခြင်းရာများ မှန်ကန်ရုံမျှဖြင့် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဟု တထစ်ချမဆိုနိုင်သေးကြောင်း၊ ထိုအကြောင်းခြင်းရာများအရ တရားလိုသည် တောင်းဆိုသော သက်သာခွင့် (သို့မဟုတ်) ဆီလျော်ရာသက်သာခွင့် ရထိုက်ခွင့်ရှိစေသည့် ဥပဒေရှိပါမှ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်မည်ဖြစ်ရာ **ဦးဆောင်းနှင့် ဦးစင်မောင်ပါ ၂ အမှု ၁၉၅၉ ခုနှစ်၊ မတစ(လွှတ်တော်) စာ-၃၁၄ စီရင်ထုံးကို ရည်ညွှန်း၍ အဆိုလွှာတွင် ဖော်ပြထားသော အကြောင်းခြင်းရာများအရ တရားလိုများသည် ယခုအမှုကို တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်**ဟု အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အဆိုလွှာတွင် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း၊ ထင်ရှားသိသာစေခြင်းမရှိသည့်ကိစ္စတွင် အဆိုလွှာကို ပယ်ရမည်ဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်းဥပဒေ-၁၁(က)တွင် ပြဋ္ဌာန်းထားရာ မူလကော့မှူးမြို့နယ်တရားရုံးက တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ကန်ကြောင်း ဖြေဆိုချမှတ်သည့် အမိန့်သည် ဥပဒေအရ မှန်ကန်မှုမရှိသဖြင့် အဆိုပါအမိန့်ကို တရားရုံးအဆင့်ဆင့်က ဆက်လက်အတည်ပြုခြင်းသည်လည်း မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက တိကျပြတ်သားစွာ ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ ကြားနာခဲ့သည့် ပြဿနာကို "လယ်ယာမြေများကိုသာ အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသောအမှုတွင် အဆိုလွှာ၌ အချင်းဖြစ်လယ်ယာမြေများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိထားကြောင်း ဖော်ပြထားခြင်းမရှိပါဘဲလျက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဆိုသော တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်ကို အတည်ပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း" ဖြေဆိုခဲ့ပါသည်။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးအဆင့်ဆင့်၏ စီရင်ချက်နှင့် ဒီကရီများကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီး မူလရုံးတရားလိုများ၏ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်းဥပဒေ-၁၁(က)အရ ပယ်သည့်အမိန့်ချမှတ်လိုက်ပါကြောင်း ဦးစန်းဝင်းပါ ၂ နှင့် ဒေါ်အုန်းသိန်းပါ ၃ ၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ်-၁၂ ကိုရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

❖ သို့ဖြစ်၍ ကြားနာခဲ့သည့် ပြဿနာကို "လယ်ယာမြေများကိုသာ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသောအမှုတွင် အဆိုလွှာ၌ အချင်းဖြစ်လယ်ယာမြေများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိထားကြောင်း ဖော်ပြထားခြင်းမရှိပါဘဲလျက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဆိုသော တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်ကို အတည်ပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် လယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း"ဖြေဆိုခဲ့ပါသည်။ ❖

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပြေမပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**ကျိုက်လတ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပြေမပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး စက်တင်ဘာလအတွင်းက ငါးပြေမပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးပြေမ ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ငါးပြေမပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေ အပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာများတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံး တင်ပို့ခဲ့ရတာပါ"ဟု ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမငါးအမျိုးအစားကိုထပ်တိုးမွေးမြူလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၅၆၂ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၅၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ ၁၇၁၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီကာလစစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံဧက ၁၇၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော်ထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# သံတောင်ကြီးမြို့နယ် တောင်ဇလဲကျေးရွာတွင် ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**သံတောင်ကြီး နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် သံတောင်ကြီးမြို့နယ် တောင်ဇလဲကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးနိုင်မင်းဆွေ၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများသည် ကျေးရွာအဝင်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောင်ဇလဲကျေးရွာအဝင်လမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက WOW ကုမ္ပဏီတာဝန်ခံကို ကွန်ကရစ်လမ်းအား ဌာနကသတ်မှတ်ထားသော စံနှုန်းများအတိုင်း ကွန်ကရစ်အချိုးအစားမှန်ကန်စွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၉၇ ဒသမ ၂၀ သန်းဖြင့် တောင်ဇလဲကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို WOW ကုမ္ပဏီက တာဝန်ယူ၍ မေ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၅ အိမ်၊ လူ ၃၂၀ ဦးတို့၏ စိုက်ပျိုးမြေ ဧက ၆၀၀ မှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးနိုင်မင်းဆွေက ပြောပြ၍ သိရသည်။

**အထွေး**

# စေတုတ္တရာမြို့နယ် မကြီးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖအိုင်းကျေးရွာအုပ်စု မကြီးစုကျေးရွာ၌ ဒုတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်း၊ အတိုးနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုး အရင်းငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှု ပြစ်ဒဏ်များအကြောင်း ပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မကြီးစုကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ထို့နောက် စေတုတ္တရာမြို့နယ် မကြီးစုကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကြီးစုကျေးရွာရှိဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၂၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၁၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ကျောက်ဆည်မြို့နယ် ရှမ်းသူငယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ဆည် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရှမ်းသူငယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြတ်စုအောင်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရှမ်းသူငယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရှမ်းသူငယ်ကျေးရွာတွင် လမ်းအရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇ ဒသမ ၁၄၁ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြတ်စုအောင်က ပြောပြ၍ သိရသည်။

**ကျော်မိုး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ပင်လယ်လိပ်မျိုးများကို ထိန်းသိမ်းခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်း

နှင်းအိ(ရာမည်မြေ)



သန္တာကျောက်တန်းတွင်နေထိုင်သော လိပ်ကြက်တူရွေးကို တွေ့ရစဉ်။

ပင်လယ်လိပ်များသည် ဒိုင်နိုဆောများထက်စော၍ ပေါ်ပေါက်ခဲ့ပြီး ရှေးအကျဆုံးသတ္တဝါများဖြစ်သည်။ ရေငန်ပိုင်းနေ သွေးအေးတွားသွားသတ္တဝါများဖြစ်ကြသော ပင်လယ်လိပ်များသည် သက်တမ်းအားဖြင့် နှစ် ၁၅၀ ခန့်နေထိုင်နိုင်ကြသော အသက်အရှည်ဆုံးရေသတ္တဝါများတွင်ပါဝင်ကြပြီး ပျမ်းမျှ နှစ် ၅၀ မှ ၁၀၀ ထိ အသက်ရှည်နေထိုင်နိုင်ကြသည်။ ခန့်မှန်းအားဖြင့် တွားသွားသတ္တဝါမျိုးစိတ်ပေါင်း ၁၂၀၀၀ ခန့်ရှိကြပြီး ထိုအထဲမှ မျိုးစိတ် ၁၀၀ ခန့်ကိုသာ ပင်လယ်တွားသွားသတ္တဝါအဖြစ် သတ်မှတ်ကြသည်။ ပင်လယ်တွားသွားသတ္တဝါများမှာ အဆုတ်အစား ပါးဟက်ကိုသုံး၍ အသက်ရှူကြသည်။

ထို့ကြောင့် ပင်လယ်သမုဒ္ဒရာအတွင်းရှိ တွားသွားသတ္တဝါများသည် ရေအောက်တွင် ပါးဟက်ဖြင့် အသက်ရှူနိုင်သကဲ့သို့ တစ်ခါတစ်ရံတွင် အဆုတ်ကို အသုံးပြု၍ ရေမျက်နှာပြင်ပေါ်သို့တက်ကာ အသက်ရှူကြသည်။ ပင်လယ်လိပ်များသည် ဘဝသက်တမ်းတစ်လျှောက် မိုင်ထောင်ပေါင်းများစွာ သွားလာကျက်စားနိုင်သည်။ ပင်လယ်ကမ်းရိုးတန်းရေပြင်နှင့် သဲသောင်များသည် ပင်လယ်လိပ်များသွားလာကျက်စား၊ ဥချရာဒေသများဖြစ်သည်။ ပင်လယ်လိပ်များသည် ၎င်းတို့သားပေါက်ခဲ့သည့်နေရာတွင် ပြန်လည်ဥချလေ့ရှိသည်။ ပင်လယ်လိပ်များကို မျိုးသုဉ်းလုနီးပါးမျိုးစိတ် (Endangered Species) အဖြစ်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်လိပ်များသည် ပင်လယ်ဒီရေနီဖြစ်ပေါ်စေသော သတ္တမျောလေးများကို အစာအဖြစ်စားသုံးသောကြောင့် ပင်လယ်ပြင်ဂေဟစနစ်တွင် အရေးပါသည့်သတ္တဝါများဖြစ်သည်။ ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် မျိုးစိတ်ငါးမျိုးကို တွေ့ရှိနိုင်သည်။ ၎င်းတို့မှာ-

(၁) လိပ်စောင်းလျား (Leatherback Turtle)

(၂) လိပ်ကြက်တူရွေး (Hawksbill Turtle)

(၃) လိပ်လျှောင်း (Olive Ridley)

(၄) ပြင်သာလိပ် (Green Turtle)

(၅) လိပ်ခွေး(Loggerhead)တို့ဖြစ်ကြသည်။

**၁။ လိပ်စောင်းလျား (Leatherback Turtle)**

လိပ်စောင်းလျားသည် ကမ္ဘာ့အကြီးဆုံး ပင်လယ်လိပ်ဖြစ်ပြီး အလေးချိန်ပေါင် ၅၀၀ မှ ၂၀၀၀ ထိရှိကြသည်။ လိပ်စောင်းလျား(Leatherback Turtle)၏ သိပ္ပံအမည်မှာ Dermochelys Coriacea ဖြစ်သည်။ ၎င်း၏ပုံသဏ္ဌာန်မှာ ကျောခွံတွင် စောင်းလျားသီးပုံသဏ္ဌာန်ရှိသည်။ ခန္ဓာကိုယ်တွင် အလျားလိုက်စောင်းငါးခုပါရှိသည်။ ကျောခွံမှာ ထူထဲပျော့ပျောင်းပြီး အထူးသွေးလည်ပတ်မှုစနစ်ပါရှိသည်။ အရေပြားတွင် အဆီများစွာပါရှိသည့်ခန္ဓာကိုယ် တည်ဆောက်မှုကြောင့် အလွန်အေးသောရေထဲတွင် ပျံပြင်ပြောင်းလဲရှင်သန်နေထိုင်နိုင်သည်။ ကျောခွံအလျားမှာ နှစ်မီတာထိရှည်လျားပြီး ခန္ဓာကိုယ်အလေးချိန်မှာ တစ်တန်ထိရှိသည်။ ရှေ့ရေယက်သည် အလွန်ရှည်လျားသန်မာပြီး ရေထဲ၌ကူးခပ်သွားလာရာတွင် အလွန်လျင်မြန်သည်။ အစုံစားသတ္တဝါဖြစ်ပြီး ရေဘူနှင့် ပြည်ကြီးငါးများကို အဓိကအားဖြင့် စားသုံးလေ့ရှိသည်။ တစ်ကြိမ် ဥချပါက အလုံးရေ ၆၀ မှ ၁၂၀ ထိရှိပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအဖြစ်ဆုံး မျိုးစိတ်တစ်ခုဖြစ်သည်။

**၂။ လိပ်ကြက်တူရွေး(Hawksbill Turtle)**

လိပ်ကြက်တူရွေး(Hawksbill Turtle)၏ သိပ္ပံအမည်မှာ Eretmochelys Imbricata ဖြစ်ပြီး အပူပိုင်းဒေသတွင်တွေ့ရအများဆုံးဖြစ်သည်။ လိပ်ကြက်တူရွေး၏ပုံသဏ္ဌာန်မှာကျောခွံတွင် အလွန်လှပသောအကြေးကွက်များရှိသည်။ ကျောခွံအကြေးကွက်များမှာ တစ်ခုနှင့်တစ်ခု ထပ်လျက်ရှိသည်။ နှုတ်သီးမှာကြက်တူရွေးသို့မဟုတ် စွန်နှုတ်သီးပုံသဏ္ဌာန်ရှိသဖြင့် လိပ်ကြက်တူရွေး သို့မဟုတ် လိပ်စွန်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ သန္တာကျောက်တန်း၊ ကျောက်ခက်များအနီးတွင် နေထိုင်ကျက်စားလေ့ရှိပြီး ပင်လယ်သမုဒ္ဒရာအောက်ခြေကြမ်းပြင်ရှိ ကျောရိုးမဲ့သတ္တဝါများကို အဓိကစားသုံးလေ့ရှိသည်။ အပင်၊ သက်ရှိ သတ္တဝါငယ်များ၊ ပင်လယ်မြက်၊ ပင်လယ်ရေမှော်များ၊ သန္တာကျောက်ခက်၊ ကျောက်ပွင့်များ၊ ဒီရေရောက်အပင်များ၏ အသီးများကိုစားသုံးလေ့ရှိသည်။ ၎င်း၏လှပသောကျောခွံများကို လူသားများက လွန်ကဲစွာသုံးစွဲလာမှုကြောင့် မျိုးသုဉ်းပျောက်ကွယ်လာသဖြင့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်တစ်မျိုးအဖြစ် သတ်မှတ်ထားသည်။

**၃။ လိပ်လျှောင်း(Olive Ridley)**

လိပ်လျှောင်း(Olive Ridley)၏ သိပ္ပံအမည်မှာ Lepidochelys Olivacea ဖြစ်သည်။ မြန်မာနိုင်ငံတွင်တွေ့ရှိရသော မျိုးစိတ်များထဲတွင် အသေးဆုံးသော ပင်လယ်လိပ်ဖြစ်သည်။ လိပ်လျှောင်းမှာ ဦးခေါင်းသေး၍ ကျောခွံမှာလုံးဝန်းကာ အညိုရင့်ရောင်သို့မဟုတ် အစိမ်းရင့်ရောင်ရှိပြီး သက်ငယ်ကောင်အဆင့်တွင် နီညိုရောင်ရှိသည်။ ကျောခွံဘေးအကြေးကွက်မှာ တစ်ဖက်လျှင်လေးခုစီပါရှိသည်။ ခန္ဓာကိုယ်အလေးချိန် ကီလိုဂရမ် ၃၀၀ အထက်ရှိပြီး ရေမှော်၊ ပင်လယ်မြက်များကို အဓိကစားသုံးလေ့ရှိသည်။ တစ်ကြိမ်လျှင် ဥအလုံးရေ ၈၅ လုံးမှ အလုံး ၂၀၀ ထိ တစ်နှစ်လျှင် ခုနစ်ကြိမ်မှ ရှစ်ကြိမ်ထိ ဥချလေ့ရှိသည်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးသတ္တဝါအဖြစ် သတ်မှတ်ထားသည်။ ခြိမ်းခြောက်အန္တရာယ်များမှာ ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းမိခြင်း၊ ပင်လယ်ထဲက အမှိုက်များနှင့်ငြိတွယ်မိခြင်းတို့ဖြစ်သည်။

**၄။ ပြင်သာလိပ်(Green Turtle)**

ပြင်သာလိပ်(Green Turtle) ၏ သိပ္ပံအမည်မှာ Chelonia Mydas ဖြစ်ပြီး အရောင်မျိုးစုံရှိကြသည်။ ကျောခွံအလျားမှာ သုံးပေထိရှည်ပြီး ကျောခွံအရောင်မှာ လေးညှင်းရောင် သို့မဟုတ် စိမ်းညိုရောင်နှင့် အဝါရောင် ရောယှက်လျက်ရှိသည်။ ကျောခွံဘေးအကြေးကွက်မှာ တစ်ဖက်လျှင် ခြောက်ခုမှခုနစ်ခုထိပါရှိသည်။ ၎င်း၏ထူးခြားချက်မှာ ဝမ်းဗိုက်ခွံနှင့် အပြင်နားအကြေးကြားရှိ အတွင်းအကြေးများတစ်ခုစီတွင် အပေါက်ငယ်များ လေးခုပါရှိသည်။ သက်ကြီးကောင်များသည် တစ်ခုတည်းသော အရွက်စားပင်လယ်လိပ်ဖြစ်သည်။ ထို့ကြောင့် အသီးအရွက်ပေါများသော ပင်လယ်ကမ်းရိုးတန်းများနှင့် ပင်လယ်အော်များတွင် ကျက်စားကြသည်။ ပြင်သာလိပ်အမသည် တစ်ကြိမ် ဥချပါက အလုံးရေ ၉၀ မှ ၁၂၀ ထိရှိပြီး မျိုးသုဉ်းလုနီးပါးဖြစ်ရန် အလားအလာရှိသော မျိုးစိတ်တစ်မျိုးဖြစ်သည်။

**၅။ လိပ်ခွေး(Loggerhead)**

လိပ်ခွေး(Loggerhead)သည် ကြီးမားသောမျိုးစိတ်တစ်ခုဖြစ်သည်။ လိပ်ခွေး၏သိပ္ပံအမည်မှာ Caretta Caretta ဖြစ်သည်။ ကျောခွံ၏အရောင်မှာ နီညိုရောင်ရှိပြီး ကျောခွံဘေးအကြေးကွက်မှာ တစ်ဖက်လျှင် ငါးခုစီရှိသည်။ အခြားပင်လယ်လိပ်များနှင့်နှိုင်းယှဉ်ပါက ဦးခေါင်းသည် လွန်စွာကြီးမားပြီး မေးရိုးများမှာ အလွန်သန်မာသည်။ ခန္ဓာကိုယ်အလေးချိန် ကီလိုဂရမ် ၄၅၀ ထိရှိသည်။ အစုံစားသတ္တဝါဖြစ်ပြီး အဓိကအားဖြင့် ခရု၊ ယောက်သွား၊ ခုံး၊ သံပခြုပ်၊ ကဏန်းနှင့် ရေဘူများကို စားသုံးသည့်အလေ့အထရှိသည်။ တစ်ကြိမ်ဥချပါက အလုံးရေ ၇၀ မှ ၁၃၀ ထိဥချလေ့ရှိသည်။ တစ်နှစ်လျှင် ခြောက်ကြိမ်ထိ ဥချတတ်သည်။ လိပ်ခွေးများမှာ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ၎င်းတို့၏ဥချရာနေရာများ လျော့ပါးနှောင့်ယှက်ခြင်းခံနေရသည်။ မြန်မာနိုင်ငံတွင် ယခုအခါ လိပ်ခွေးကိုမတွေ့ရှိရသလောက်ပင်ဖြစ်သည်။

**ပင်လယ်လိပ်များ၏ ဂေဟစနစ် ဝန်ဆောင်မှုများ**

ပင်လယ်လိပ်များသည် ရင့်ရော်နေသော ပင်လယ်မြက်များကိုစားပေးပြီး ၎င်းတို့စွန့်ထုတ်လိုက်သော မစင်များမှ အပင်များအတွက် အာဟာရဖြစ်စေခြင်း၊ ပင်လယ်လိပ်များသည် လိပ်သားပေါက်ကိုထိန်းပေးခြင်း၊ ပင်လယ်လိပ်၏ဥ၊ ဥခွံနှင့်သားပေါက်များက ဂေဟစနစ်အတွက် အာဟာရအရင်းအမြစ်များထောက်ပံ့ပေးခြင်း၊ ပင်လယ်လိပ်များသည် ဒေသအမွေအနှစ်တစ်ခုဖြစ်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ခြင်းတို့ဖြစ်ကြသည်။

**ပင်လယ်လိပ်များ မျိုးသုဉ်းရသည့်အကြောင်းရင်းများ**

ပင်လယ်လိပ်များ၏ ဥနှင့်အသားများကို လူသားများက စားသုံးခြင်း၊ ငါးဖမ်းဆီးရာတွင် ငါးဖမ်းကိရိယာများတွင် မတော်တဆထိမိခြင်း၊ လိပ်သောင်လိပ်ကျွန်းများတွင် လူသားများက ကျူးကျော်ချဲ့ထွင်နေထိုင်လာခြင်း၊ စွန့်ပစ်အညစ်အကြေးများနှင့် ရေထုညစ်ညမ်းမှုများကြောင့် ပင်လယ်ပြင်ဂေဟစနစ်နှင့် မူရင်းဒေသများ ပျက်စီးပျောက်ဆုံးရခြင်း၊ ပင်လယ်ရေပြင်အတွင်းသို့ အမှိုက်သရိုက်များစွန့်ပစ်ခြင်း၊ ရေလုပ်သားများက စွန့်ပစ်သောပျက်စီးနေသည့် ပိုက်စုတ်များတွင်ငြိတွယ်သေဆုံးခြင်း၊ ပင်လယ်လိပ်များ၏အစာဖြစ်သည့် ပင်လယ်မြက်များနှင့် သန္တာကျောက်တန်းများ ဆုံးရှုံးပျက်စီးလျော့နည်းလာခြင်း၊ ပင်လယ်လိပ်များ ဥချရာသဲသောင်ပြင်များ သဘာဝကြောင့်ပျက်စီးဆုံးရှုံးခြင်း၊ ရေယာဉ်ပန်ကာ(ဒလက်)များကြောင့် ဒဏ်ရာရရှိသေဆုံးခြင်း၊ ပင်လယ်လိပ်ခွံများဖြင့် အလှတန်ဆာဆင်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းများအဖြစ် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် မျိုးသုဉ်းရသည်။

**မေတ္တာရပ်ခံချက်**

ပင်လယ်လိပ်များကို သတ်ဖြတ်ခြင်း၊ စားသုံးခြင်းနှင့် ပင်လယ်လိပ်ဥများကိုတူးဖော်ခြင်း၊ စားသုံးခြင်း မပြုလုပ်ရန်၊ ငါးဖမ်းကိရိယာများတွင် ဖမ်းဆီးထိမိမှုများဖြစ်ပေါ်ပါက ငါးဖမ်းကိရိယာများမှ ဂရုတစိုက်ဖယ်ရှားပေးရန်နှင့် နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနသို့ သတင်းအချက်အလက်များ(ထိမိသောငါးဖမ်းကိရိယာ၊ ရက်စွဲ၊ လိပ်အမျိုးအစား၊ အရွယ်အစား၊ ပင်လယ်လိပ်၏အခြေအနေ)နှင့်ပတ်သက်သော သတင်းများပေးပို့ရန်၊ ငါးဖမ်းကိရိယာများတွင် ထိမိခဲ့ပါက ပင်လယ်လိပ်များကို ရေစိုအဝတ်ဖြင့်ဖုံးအုပ်ကာ ရေပက်ဖျန်းပြုစုပေးပြီး စိတ်ချရသည့်အခြေအနေတွင် ပြန်လည်လွှတ်ပေးရန်၊ တရွတ်ဆွဲငါးဖမ်းကိရိယာများတွင် ပင်လယ်လိပ်များ လွတ်မြောက်စေနိုင်သည့်ကိရိယာ (Turtle Excluder Device-TED)တပ်ဆင်အသုံးပြုရန်၊ အမှတ်အသားပါသတ္တုပြား(Tag)ရိုက်နှိပ်ထားသောပင်လယ်လိပ်များကို ငါးဖမ်းကိရိယာများတွင် ထိမိပါက Tag နံပါတ်များကို နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ သတင်းပေးပို့ရန်၊ Tag နှင့် လမ်းကြောင်းအချက်ပြကိရိယာ(Platform Transmitter Terminal)ရိုက်နှိပ်တပ်ဆင်ထားသည့် ပင်လယ်လိပ်များသေဆုံးပါက ဖြုတ်ယူသိမ်းဆည်း၍ နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများသို့ သတင်းပေးပို့အပ်နှံရန်၊ ပင်လယ်လိပ်အသေများတွေ့ရှိပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများသို့ သတင်းပို့ရန်၊ ပင်လယ်လိပ်များကို သက်ရှိရတနာသယံဇာတအမွေအနှစ်တစ်ရပ်သဖွယ် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ မျိုးသုဉ်းရှားပါးရေနေသတ္တဝါများ ထိန်းသိမ်းကာကွယ်ရေးအတွက် ထုတ်ပြန်ကြေညာပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ရုံးအမိန့်၊ ကြော်ငြာစာများနှင့် နှိုးဆော်ချက်များကို အလေးထားလိုက်နာခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လိပ်သည်ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံးသတ္တဝါဖြစ်ပြီး ပင်လယ်လိပ်များမှာ မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော မျိုးစိတ်များတွင်ပါဝင်နေသည်။ မြန်မာနိုင်ငံတွင် ပင်လယ်လိပ်ငါးမျိုးကိုတွေ့ရှိရပြီး ယခုအခါ အချို့သောလိပ်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ကျရောက်နေသည်။ ထို့ကြောင့် ငါးလုပ်ငန်းဦးစီးဌာနက လိပ်မျိုးစိတ်များထိန်းသိမ်းရေးကို ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် သမီးလှကျွန်း၊ ဘိုကလေးမြို့နယ်တွင် ကတုံးကလေးကျွန်း၊ ဂယက်ကြီးကျွန်း၊ မစိန့်ယုံကျွန်း၊ ငါးမန်းသောင်ကျွန်း စသည့်နေရာများတွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့ လောင်းလုံဘုတ်ကျွန်း(သိုင်းသောင်စခန်း)တွင်လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်မှသာ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းမှာ ရာနှုန်းပြည့်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)၊ အပိုင်း(ခ)**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၃)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၃၀၀၀၀၀ ကျပ်

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၃၀၀၀၀၀ ကျပ်

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၅၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၄၀၀၀၀၀ ကျပ်
(၃) တတိယဆု ၃၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၂၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၁၅၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၀၀၀၀၀ ကျပ်

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၇၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၆၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဥ္စမဆု ၃၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၂၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၂၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၂၀၀၀၀၀ ကျပ်

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊
E - Topup ဖုန်းပြောစရိတ်ဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင်
**MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၀
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


## တဟုန်ဖန်

၁။ **တရုတ်စကားပြန်** ကျား (၂)ဦး / မ (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း၊
- လစာ(ညှိနှိုင်း)

၂။ **Marketing** ကျား (၄)ဦး / မ (၄)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း၊
- လစာ၊ အခြေခံ + % + နှစ်တိုး
- ကိုယ်ပိုင်ဆိုင်ကယ် (က)လိုင်စင်ရှိရမည်။

၃။ **စာရင်းကိုင်** မ (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း
- လစာ၊ အခြေခံ + % + နှစ်တိုး

ဖုန်းနံပါတ်- 09-975190639 , 09-789393768
လိပ်စာ - ၆၂ လမ်း၊ ၁၁၀× ၁၁၁
- CV Form အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်ရန်

## ဦးသန်းအောင် အသက် (၈၆) နှစ်

ပုသိမ်ကြီးမြို့၊ ရန်ကင်းတောင်ရပ်ကွက်၊ စိန်ပန်းလမ်းနေ
ဒေါ်နုနု ၏ခင်ပွန်း၊ မစောမိုမိုအောင်၊ မမျိုးမွန်မွန်အောင်၊
မောင်မင်းမြတ်သက်စံ+မခိုင်သဇင် တို့၏ဖခင်၊
မဖူးမြတ်သက်စံ၊ မောင်ဇွဲမြတ်သက်စံ တို့၏အဘိုး
**ဦးသန်းအောင် အသက် (၈၆)နှစ်**

**မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းမင်းကြီး(ငြိမ်း)** သည် (၁၄-၁၁-၂၀၂၃)ရက်၊ နံနက် (၈း၃၀)နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် (၁၅-၁၁-၂၀၂၃) ရက်၊ ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၁)နာရီတွင် အထက်ပါနေအိမ်မှ ရေထွက် သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**သစ်ပင်ခိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ အလက(ခွဲ)မြင်စိုင်းကျောင်းတွင် ဒုတိယမူလတန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်ဇာဇာဌေး ၏ဖခင်အမည်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးညီမောင် နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဦးနီမောင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးညီမောင်(ခ)ဦးနီမောင်(၉/ကဆန(နိုင်)၀၃၁၄၈၀)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မူလွန် (၁၁)ကျောင်းတွင် ဒုတိယအလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော (ဘ) ဦးစံအေး ၏သမီးဖြစ်သူ ဒေါ်ခင်စောဝေ ၏မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ (၁၁-၃-၁၉၇၃) ဖြစ်ပါကြောင်း။
**၁၁-၃-၁၉၇၃**

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ကျောက်ရင်းကျေးရွာနေ ကိုကျော်ဇောဟိန်း (ဘ) ဦးလှမြင့် (၉/တသန(နိုင်)၂၄၉၂၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-705189) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၀၀၃၁၉၅၁**

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ မကြီးပင်တဲကျေးရွာနေ မစန်းစန်းအေး (ဘ) ဦးတင်မောင်ရွှေ (၉/တသန(နိုင်)၂၄၉၂၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-703803) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၀၀၃၁၉၅၁**

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်မြို့နယ်၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးရာဇာ ၏သမီးဖြစ်သူ မမေစုလာဘ်မျိုး ၏ မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းနှင့်အိမ်ထောင်စုလူဦးရေစာရင်းအရ (၂-၁၂-၂၀၁၄) ဖြစ်ပါကြောင်း။
၂-၁၂-၂၀၁၄

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ ၆၃လမ်း၊ ၁၀၂ × ၁၀၃ ကြား၊ တ- ၃/၃၇နေ LEE KYI HWA (၁/မကန(ဧည့်)၀၀၀၅၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-309572) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၀၅၂၂၇


# ရန်သူ
# မီးဘေး
# တားဆီးရေး
# မနေ့း
# ဆောင်ရွက်ကြ

# စာပေ
# မြင့်မှ
# လူမျိုး
# တင့်မည်


### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



❖ မိသားစုတစ်ခုရဲ့ အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှုအရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့်သံဃာတော်များနှင့် ပြည်သူများစုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆




**ပြင်ဦးလွင်မြို့၌ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ထောက်ခံပွဲကျင်းပစဉ်။**

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စက္က)တို့ ပြည်မြို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ - ၁၇

**ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာကြား မိုင်တိုင်အမှတ်၊ ၈၅/၁-၂ ကြား တံတားအမှတ် (၁၁၆/A)အနီးရှိ ရထားလမ်းကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲပျက်ဆီးမှု ထပ်မံကျူးလွန်၊ ရထားလမ်းနှင့် တံတားပျက်စီးမှုဖြစ်ပွား**

စာမျက်နှာ - ၂၁

